ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (8-9-2004) (၄၃၅၀)

တပေါ စ
တော် မင်္ဂလ မုတ္တမံ။

ငြိုးခြင်ဲစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်း နေရာဒေသအချို့တွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် အသက်အိုးအိမ် စည်းစိမ် များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

အနီးစခန်းလေယာဉ်ကွင်းကို နိုင်ငံတကာလေယာဉ်များ အသုံးပြုနိုင်မည့် လေယာဉ်ပြေးလမ်းနှင့် အဆင့်မီလေယာဉ်ကွင်းကြီးအဖြစ် ရည်မှန်းချက်ထားတည်ဆောက်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အနီးစခန်းလေယာဉ်ကွင်းနှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၇

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊

စာမျက်နှာ ၂၀ ကော်လံ ၆ သို့ ✪

“စံ” ထားနိုင်အောင် ကြိုးပမ်းတည်ဆောက်

နောင် တည်ဆောက်သွားမည့် လေယာဉ်ကွင်းများအတွက် အရည်အသွေးအရ၊ ကုန်ကျစရိတ်အရ “စံ”ထားနိုင်သည့် လေယာဉ်ကွင်းကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၈-၉-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

အမျိုးသားရိုးရာအနုပညာများ မြတ်နိုးထိန်းသိမ်း အရည်အသွေးမြင့်မားစွာ ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်း

မြန်မာနိုင်ငံသည်ရှေးနှစ်ပေါင်းထောင်ချီ၍ယဉ်ကျေးမှု ဖြစ်တည်ထွန်းကားလာသည့် နိုင်ငံဖြစ်သည်။ ယနေ့တိုင် အမျိုးသားယဉ်ကျေးမှုဓလေ့စရိုက်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော နိုင်ငံအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုထားကြသည်။ ထို့ကြောင့် ယဉ်ကျေးသောနိုင်ငံ၊ သိမ်မွေ့သော လူမျိုးများပီပီ အမျိုးသားရိုးရာယဉ်ကျေးမှုကို ထာဝစဉ် မြတ်နိုးထိန်းသိမ်းထားကြရမည်ဖြစ်သည်။

ယနေ့နိုင်ငံတကာမြင်ကွင်းကိုကြည့်လျှင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုများနှင့်အတူ အမျိုးသားရိုးရာယဉ်ကျေးမှုများ ယိုယွင်းပျောက်ကွယ်လုနီးပါးဖြစ်ပေါ်လျက်ရှိသည်။ အထူးသဖြင့် အနောက်နိုင်ငံကြီးများ၊ မသမာသူအဖျက်သမားများနှင့် ဝိသမလောဘသားစီးပွားရေးသမားများ၏ သွေးဆောင်ဖြားယောင်းမှုကြောင့် လူငယ်၊ လူရွယ်အစိတ်အပိုင်းအချို့တွင် ရိုးရာယဉ်ကျေးမှုများအား လျစ်လျူရှုလိုသည့် သဘောထားများ ပေါ်ပေါက်လျက်ရှိကြောင်းကို တွေ့မြင်နေရသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာထာဝရမြင့်မားနေစေရန် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

မျိုးဆက်သစ်လူငယ်လူရွယ်များအကြား စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများဖြစ်ထွန်းလာရေး၊ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ မြင့်မားမှုကို သိမြင်ခံစားနိုင်စေရေး ကြိုးပမ်းမှုများတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပပေးခြင်းသည် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ယင်းပြိုင်ပွဲကြီးများကို နှစ်စဉ်ခမ်းနားထည်ဝါစွာ ကျင်းပလာခဲ့သည်မှာ (၁၂)နှစ် ပြည့်မြောက်တော့မည် ဖြစ်သည်။

ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၅ရက်နေ့က ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ကျင်းပရာ ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာတွင် **ဒွါဒသမ အကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မွန်မြတ်မြင့်မားသော မျှော်မှန်းချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အမျိုးသားရေး အနှစ်သာရပြည့်ဝစွာ၊ အရည်အသွေးမြင့်မားစွာဖြင့် ယှဉ်ပြိုင် တင်ဆက်နိုင်စေရေးနှင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သော ပြိုင်ပွဲကြီး၏ အကျိုးရလဒ်ကောင်းများ၊ အခြေခံကောင်းများ ဆက်လက် တည်တံ့ခိုင်မြဲစေရေးတို့အတွက် ပညာရှင်ကြီးများနှင့် တာဝန်ရှိသူများအားလုံးက စနစ်တကျ ဦးဆောင်ဦးရွက်ပြု စီမံဆောင်ရွက်သွားကြရန်** ပြောကြားသွားသည်။

ယဉ်ကျေးမှုအနုပညာရပ်များဖြစ်သည့် အဆို၊အက၊အရေး၊အတီး ပညာရပ်များသည် မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်းမြှင့်တင်ပေးရသည့် အစဉ်အလာရှိသည်နှင့်အညီ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်းပလျက်ရှိရာ အောင်မြင်မှုအကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။

ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူငယ်လူရွယ်များအပါအဝင် တစ်မျိုးသားလုံးက ပူးပေါင်းပါဝင်ဆင်နွှဲလျက်ရှိရာ မြန်မာ့ဇာတ်သဘင်၊ ရုပ်သေးသဘင်နှင့် ဂန္ထဝင်မြောက်ဇာတ်တော်ကြီးများကို ပြောင်မြောက်စွာ ပြန်လည်တင်ဆက် ပြသနိုင်သည်ကို တွေ့မြင်လာရသည်။ အလားတူ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အတီးပြိုင်ပွဲများတွင်လည်း အဆင့်အတန်း မြင့်မြင့်မားမားဖြင့် အမျိုးသားရေးမူဟန်ကို ပေါ်လွင်ထင်ရှားစွာ ကြိုးပမ်းယှဉ်ပြိုင်လာကြသည်ကို ရှုစားကြရသည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားမျိုးဆက်သစ်လူငယ်လူရွယ်တိုင်းက အဆင့်အတန်းမြင့်မားလှသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် အမျိုးသားရိုးရာအနုပညာရပ်များကို ထာဝစဉ် မြတ်နိုးထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အမျိုးသားရေး စရိုက်လက္ခဏာတိုးတက်မြင့်မားရေး ရည်မှန်းချက်ဖြင့် ကျင်းပမည့် ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် အနုပညာရှင်များက အနှစ်သာရ၊ အရည်အသွေးမြင့်မားစွာ ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း

ရန်ကုန် စက်တင်ဘာ ၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အစည်းအဝေးတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖြစ် ဒေါက်တာ ဦးသိန်းဦးဘိုးစောက ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခင်နု၊ ဦးထွန်းရင်လော၊ ဦးယောအေးလှ၊ ဦးမောင်လှ(ခ) ဦးလှမြင့်၊ ဦးမြအေး၊ ဒေါက်တာမျိုးသန့်တင်နှင့် ဗိုလ်ချုပ်အောင်သိမ်းတို့ တက်ရောက်ကြပြီး လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဦးသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်နှင့် ဦးသန်းထွန်း၊ လုပ်ငန်းကော်မတီရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယညွှန်ကြားရေးမှူးများလည်း တက်ရောက်ကြသည်။

စိစစ်

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၄ ခုနှစ် မေ ၁၇ရက်မှ ဇူလိုင် ၉ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျ သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို အမျိုးသား ညီလာခံပြန်လည် ကျင်းပသည့်အခါ တင်ပြနိုင်ရန် စိစစ်၍ စာတမ်းများ ပြုစုခြင်းကို ဆက်လက်ပြုလုပ်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ်ဆေးပညာ သင်ကြားရေးယူနစ်(CME)က အထွေထွေရောဂါကုဆရာဝန်များအတွက် "Diagnostic Medical-Surgical Procedures (2004)"သင်တန်းကို စက်တင်ဘာ ၁၁ရက်မှ အောက်တိုဘာ ၃၁ရက်အထိ (စနေ၊တနင်္ဂနွေနေ့)များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ အမှတ်(၂၄၉)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ သင်တန်းပို့ချမည်ဖြစ်ရာ တက်ရောက်လိုသည့် ဆရာဝန်များသည် စက်တင်ဘာ ၁၀ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော်၏မူဝါဒများ ဟောပြောပို့ချ

ရန်ကုန် စက်တင်ဘာ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့ မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဥက္ကံမြို့ခန်းမ၌ကျင်းပသော အခြေခံစည်းရုံးရေးဆင့်ပွား သင်တန်းအမှတ်စဉ်(၁၄)မှ သင်တန်းသား ၂၀၀တို့အား နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလုပ်ငန်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပုံတို့ကို အကျယ်တဝင့်ဟောပြောပို့ချသည်။ (သတင်းစဉ်)

လမ်းမတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေးရာ အခြေခံဆင့်ပွားသင်တန်း အမှတ်စဉ် (၁၁)ဆင်းပွဲကို စက်တင်ဘာ ၃ရက်က အလက(၁) မြမာလာခန်းမ၌ ကျင်းပရာ သင်တန်းတွင် လူထုဟောပြောပွဲ ပထမဆုရ လမ်းမတော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ကသ/(၆)ဒေါ်ကြင်ကြူအား ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၉)

နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ရုရှားသံရုံး၌ ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် စက်တင်ဘာ ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းသည် ယနေ့နံနက် ၁၁နာရီခွဲတွင် အမှတ်(၃၈) စကားဝါလမ်း ဒဂုံမြို့နယ်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးသို့သွားရောက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘက်စလန်မြို့ ကျောင်းတစ်ကျောင်း၌ အကြမ်းဖက်သမားအချို့၏လုပ်ရပ်ကြောင့် ကျောင်းသားငယ်များအပါအဝင် အပြစ်ကင်းမဲ့သူလူအများအပြား ထိခိုက်ဒဏ်ရာရ အသက်ဆုံးရှုံးရမှုများအတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

စာတတ်မြောက်ရေးသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ် ကမ္ဘာ့သက်ကြီးဦးရေ၏ ၂၀ရာခိုင်နှုန်းမှာ ၎င်းအခွင့်အရေးမရရှိသေး

ရန်ကုန်　　စက်တင်ဘာ　　၇

၂၀၀၄ခုနှစ် စက်တင်ဘာလ(၈)ရက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်။

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ အဓိကဦးတည်ချက်ဖြစ်သော "ကျား၊မ မရွေးစာတတ်မြောက်ရေး"သည် လူတိုင်းအတွက် စာတတ်မြောက်ရေးကြိုးပမ်းမှု လုပ်ငန်းများတွင် အမျိုးသား၊ အမျိုးသမီးအခွင့်အရေးမညီမျှမှုကို မီးမောင်းထိုးပြနေပါသည်။

ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်၏ ဒုတိယနှစ်၌ သက်ကြီးစာမတတ်သူအများစုတွင် အမျိုးသမီး သန်း၅၀၀ကျော်ပါဝင်နေပြီး တစ်ချိန်တည်းမှာပင် ကျောင်းမနေသော ကလေးအများစုသည်လည်း မိန်းကလေးငယ်များဖြစ်နေကြသည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိန်းကလေးငယ်များနှင့် အမျိုးသမီးများ၏ ပညာရေးထက် ပိုမိုထိရောက်သည့် ကိရိယာမရှိကြောင်း လေ့လာမှုများအရ သိရှိလာရသည်။ မျိုးဆက်သစ်များအတွက် စီးပွားရေးဆိုင်ရာ ကုန်ထုတ်စွမ်းရည်မြှင့်တင်ပေးရန်၊ မိခင်နှင့်ကလေး သေပျောက်နှုန်းလျှော့ချရန်၊ အာဟာရစားသုံးမှု ပိုမိုကောင်းမွန်လာစေရန်၊ အေအိုင်ဒီအက်စ် ရောဂါကာကွယ်ခြင်းအပါအဝင် ကျန်းမာရေး တိုးတက်ကောင်းမွန်လာစေရန်နှင့်ပညာရေးအခွင့်အလမ်းများ တိုးပွားလာစေရန်တို့ကဲ့သို့ အခြားမှုဝါဒမရှိနိုင်၊သန်းပေါင်းများစွာသော အမျိုးသမီးများအတွက် စာတတ်မြောက်ရေးလုပ်ငန်းများသည် ဖြစ်နိုင်ခြေဟူသည့်ဝေါဟာရအသစ်ကို သင်ယူလေ့လာရန် ကြိုတောင်ကြိုခဲအခွင့်အရေးများကို ပေးစွမ်းနိုင်သည့်အပြင် ၎င်းတို့မိသားစု၏ လက်ရှိအခြေအနေကိုကျော်လွန်၍ ဘဝသစ်သို့ လမ်းဖွင့်ပေးခြင်းဖြစ်သည်။ ဤသို့လမ်းဖွင့်ပေးခြင်းသည် မိသားစုမှ လူ့အဖွဲ့အစည်းသို့ဖြစ်ပြီး အဆုံးစွန်ဆိုရလျှင် နိုင်ငံအားလုံးဆီသို့ ဖြစ်သည်။

တစ်နည်းဆိုသော် စာတတ်မြောက်ရေးသည် ပင်ကိုရည်မှန်းချက်ပန်းတိုင်ကိုသာ ဖော်ဆောင်ခြင်းမဟုတ်ပါ။ ကျန်းမာပျော်ရွှင်ပြီး အလားအလာကောင်းသည့် ကမ္ဘာကြီးတည်ဆောက်ရန်အတွက် အခြေခံလိုအပ်ချက်တစ်ရပ်လည်း ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိ အစိုးရများက လိုက်နာကျင့်သုံးမည့် ၂၁ရာစုတွင် တိုးတက်ပျော်ရွှင်ဖွယ်ကောင်းသည့် ကမ္ဘာကြီးဖြစ်လာရန်ဟူသော ထောင်စုနှစ်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက်လည်း အခြေခံကျသည်။ စာတတ်မြောက်ရေးသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည့်အတွက် လူ့အခွင့်အရေးကြေညာစာတမ်း၌ လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်ဟု ဖော်ညွှန်းထားသည်။ သို့သော် ကမ္ဘာ့သက်ကြီးဦးရေ၏ နှစ်ဆယ်ရာခိုင်နှုန်းမှာ ယခုတိုင် ၎င်းအခွင့်အရေးကို မရရှိနိုင်သေးပါ။

ကမ္ဘာ့နိုင်ငံအားလုံး၏ သဘောတူညီထားသည့်ကမ္ဘာ့စာတတ်မြောက်နှုန်းကို ၂၀၁၅ခုနှစ်တွင် လက်ရှိထက်၅၀ရာခိုင်နှုန်း မြှင့်တင်ရန်ဟူသောရည်ရွယ်ချက်ကို ပြည့်မီလိုလျှင် အချိန်မဖြုန်းသင့်ပါ။ ကမ္ဘာ့စာတတ်မြောက်ရေးလုပ်ငန်း လူထုလှုပ်ရှားမှုများ အောင်မြင်နေစေကာမူ ရှေ့လုပ်ငန်းစဉ်များက ရှိနေဆဲဖြစ်ပါသည်။ ဆိုလိုသည်မှာ အတိတ်ကကြိုးစားအားထုတ်မှုထက် ကျော်လွန်ကြိုးစားသွားရမည့်အပြင် အတိတ်မှအမှားများကို သင်ခန်းစာယူ၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ဒေသ၏အခြေအနေနှင့်ဆီလျော်ပြီး ဒေသခံအဖွဲ့အစည်းများ၏လှုပ်ရှားမှုပေါ် အခြေခံထားသည့် အကောင်းဆုံးနည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ အစိုးရများ၊ လူမှုအဖွဲ့အစည်းများ၊ကုလသမဂ္ဂမိသားစုဝင်အဖွဲ့အစည်းများ၊ အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် ဖက်စပ်ပူးပေါင်းဆောင်ရွက်ရမည်။ ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုသည် သင်ယူသူလူ့အဖွဲ့အစည်းများ အထူးသဖြင့် အမျိုးသမီးများ၏ လိုအပ်ချက်များကို ဗဟိုချက်မအဖြစ် ထားရှိပါသည်။

ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်သည် ကျွန်ုပ်တို့၏ တာဝန်ယူတတ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အရှိန်အဟုန်မြှင့်ရန် အခွင့်အရေးပေးနေပါသည်။ စာတတ်မြောက်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုသည် ကျန်းမာရေး၊ လုံခြုံစိတ်ချရေးနှင့် တရားမျှတရေးဆုံးရှုံးမှုတို့အတွက် ကုန်ကျစရိတ်နှင့်နှိုင်းစာလျှင် လွန်စွာနည်းလှသည်။ ယခုနိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ကျား၊မ မရွေး လူတိုင်းစာတတ်မြောက်ရေး အထူးတာဝန်အတွက် ကျွန်ုပ်တို့ကိုယ်ကို နှစ်မြှုပ်ထားကြပါစို့ဟု နှိုးဆော်လိုက်ပါသည်။

မွန်ပြည်နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲနှင့် ဗီတာမင်"အေ" ဆေးလုံးများ တိုက်ကျွေးခြင်းအခမ်းအနားကျင်းပ

ရန်ကုန်　　စက်တင်ဘာ　　၇

၂၀၀၄ခုနှစ် မွန်ပြည်နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲနှင့် ဗီတာမင်"အေ"ဆေးလုံးများ တိုက်ကျွေးခြင်း အခမ်းအနားကို စက်တင်ဘာ ၁ ရက်က မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမတွင် ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ မွန်ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ဇနီးဒေါ်သန်းသန်းနွဲ့၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကျင်းပသော အာဟာရပြည့်ဝသည့် အစားအစာ သရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲ ဆုရရှိသော ရပ်ကွက်များအား ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က ရွှေမြိုင်သီရိရပ်ကွက်၊ မုပွန်ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်၊ သာယာအေးရပ်ကွက်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများကို ဆုများချီးမြှင့်သည်။

ဆေးဝါးများဝေငှ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည်ခြောက်လမှ (၅)နှစ်အောက်ကလေးများကို ဗီတာမင်"အေ" ဆေးလုံးများ တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးဝါးများဝေငှပေးသည်။

(သတင်းစဉ်)

အောင်ဆန်းမိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၇

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရတပ်ဦးကျောင်း မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ (၇၇)တွင် စက်တင်ဘာ ၂ ရက်မှ ၁၁ ရက်နေ့အထိ မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းကို ဖွင့်လှစ်ရာ ယောဂီ ၅၃၃ ယောက်လာရောက် တရားအားထုတ်ကြပြီး ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် သင်တန်းနှင့် သစ္စာတရားတော်များကို ဟောကြားလျက်ရှိသည်။

(က-ပ)

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၄ခုနှစ် စက်တင်ဘာ ၇ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉)တွင် ဖော်ပြပါရှိသော သတင်း၌ "ဒေါ်ကြည်စန်းမြင့်"အစား "ဒေါ်မိမိဝေ" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Limited Company General Background (စီးပွားရေး၊ စီပွားစီမံ)
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ မြန်မာ့ရှုခင်း
၆:၄၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း-၃၃)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိန်းငှက်သူရဲကောင်း" (အပိုင်း-၃)**
	၂၅။ သင့်အတွက်မနက်ဖြန်
	၂၆။ အပိတ်နှုတ်ဆက်စကား
	၂၇။ ပြီးပါပြီ။

အမွေဆိုးကို ရိုက်ချိုးတွန်းလှန်

* တတ်သိပညာ၊ ပြည့်ဝရာ ကမ္ဘာလူသား၊ အလေးထား၊
* ပညာပြည့်ဝ၊ နလုံးလှ ဒေါသကင်းကွာ၊ ကမ္ဘာရွာ၊
* ရည်သွေးဖုံဖုံ၊ နယ်ပယ်စုံ ကုံလုံများဖျင်၊ ပညာရှင်၊
* ပညာလွှမ်းခြုံ၊ လူ့ဇာတ်ခုံ ရှိန်ဟုန်ထွန်းသစ်၊ ပညာခေတ်၊
* ကျန်းမာသွက်လက်၊ ဉာဏ်ရည်ထက် တိုးတက်ကြီးပွား၊ နိုင်ငံသား၊
* ကျောင်းဖွင့်ရာသီ၊ ကိုယ်စီညီ ချိန်မီရင်သွေး၊ ကျောင်းနေရေး၊
* တန်းစဉ်ကဏ္ဍ၊ သင်ယူကြ ပြင်ပလေ့လာ၊ ဆည်းပူးရာ၊
* ကျေးလက်မြို့ပြ၊ မကွာဟ တူမျှစာနာ "e-"ပညာ၊
* သက်ကြီးစာမတတ်၊ ကြက်ခြေခတ် ရေးဖတ်ကျွမ်းကျင်၊ တတ်အောင်သင်၊
* မြေပြန့်တောင်ကုန်း၊ 'အ'သုံးလုံး ရာနှုန်းပြည့်လု၊ တတ်မြောက်မှု၊
* အစဉ်ထာဝရ၊ သင်ယူကြ ကြောင့်ကြကြီးငယ်၊ မရှိဖွယ်၊
* ကိုလိုနီမျိုး၊ အမွေဆိုး ရိုက်ချိုးတွန်းလှန်၊ အောင်ပွဲခံ၊
* လူသားရင်းမြစ်၊ ပညာခေတ် ထွန်းသစ်ဆောက်တည်၊ ဒီမိုကရေစီ။ ။

(နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုဖွဲ့ဆိုပါသည်။)

ကျော်စောဟန်

လှူဒါန်း

အမှတ်(၃၆) ဈေးကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်နေ ဦးဝင်းကြူ-ဒေါ်ခင်ကြည်မိသားစု(ရွှေဝါခေါက်ဆွဲစက်)က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်ငါးသိန်းကို ဩဂုတ် ၁၄ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင်ဦးညွန့် လက်ခံယူစဉ်။(က-ပ)

အမေရိကန်တပ်ဖွဲ့များနှင့် သူသေကိုယ်သေ တိုက်ခိုက်လို ဆွန်နီခုခံတိုက်ခိုက်ရေးခေါင်းဆောင်တစ်ဦး ပြောကြား

ဖော်လူဂျာ စက်တင်ဘာ ၅

မိမိတို့သည် အမေရိကန်တပ်ဖွဲ့များနှင့် သူသေကိုယ်သေ တိုက်ခိုက်လိုကြောင်း ဆွန်နီခုခံတိုက်ခိုက်ရေးသမားခေါင်းဆောင်တစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။ အမေရိကန်တပ်ဖွဲ့က ဖော်လူဂျာမြို့ကို လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုကို ကန့်ကွက်သည့် ဆန္ဒပြပွဲတွင် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမား ခေါင်းဆောင်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

သြဘာပေး

အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးပါမှ၊ သို့မဟုတ် မိမိတို့ သေဆုံးပါမှ စစ်ပွဲပြီးဆုံးလိမ့်မည် ဖြစ်ကြောင်း၊ မိမိတို့သည် အမေရိကန်တပ်ဖွဲ့များနှင့် သူသေကိုယ်သေ တိုက်ခိုက်လိုကြောင်း ဖော်လူဂျာမြို့ကို အုပ်ချုပ်သည့် မူဂျာဟီဒင် အတိုင်ပင်ခံကောင်စီ အကြီးအကဲ ရှိတ်အဗ္ဗဒူလာဇွန်နာဘီက ဆန္ဒပြပွဲတွင် ပြောကြားသည်။ ဇွန်နာဘီက ယင်းကဲ့သို့ပြောကြားရာ ဆန္ဒပြသမားရာပေါင်းများစွာက သြဘာပေးခဲ့ကြသည်။ ဆန္ဒပြသမားများသည် ဗုဒ္ဓဟူးနေ့ညက ဖော်လူဂျာမြို့ကို အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့မှုနှင့် ပတ်သက်၍ ယခုထက်တိုင်အောင် ဒေါသထွက်နေကြသည်။ ယင်းလေကြောင်းတိုက်ခိုက်မှုကြောင့် အီရတ် ၂၀ ဦး သေဆုံးခဲ့ရသည်။

ဟစ်ကြွေး

လေကြောင်းမှ တိုက်ခိုက်မှုများသည် သူရဲဘောကြောင်သောလုပ်ရပ်ဖြစ်ကြောင်း၊ စစ်မြေပြင်တွင် မိမိတို့ကို အမေရိကန်တပ်ဖွဲ့က ရင်ဆိုင်တိုက်ခိုက်နိုင်ကြောင်းဆန္ဒပြသမားများကဟစ်ကြွေးခဲ့ကြသည်။

ပြစ်တင်ပြောကြား

အမေရိကန်တပ်ဖွဲ့သည် ဖော်လူဂျာမြို့ရှိ သင်္ကာမကင်းဖွယ်ရာ နေရာနှစ်ခုကို ဗုဒ္ဓဟူးနေ့နှောင်းပိုင်းက တိကျပဲ့ထိန်းဒုံးများ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း၊ ဂျော်ဒန်နွယ်ဖွား ခုခံတိုက်ခိုက်ရေးသမားခေါင်းဆောင် အဘူမူဆက် အယ်လ်ဇာကာဝီ ပုန်းအောင်းနေသည်ဟု ယူဆရသောနေရာများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။ အီရတ်နိုင်ငံတစ်ဝန်းတွင် ပေါ်ပေါက်ခဲ့သော အသေခံတိုက်ခိုက်မှုများကို ဇာကာဝီက ညွှန်ကြားပေးခဲ့သည်ဟု အမေရိကန်တပ်ဖွဲ့က အပြစ်တင်ပြောကြားခဲ့သည်။

အကြောင်းပြ

လွန်ခဲ့သည့်လနှောင်းပိုင်းက ဖော်လူဂျာမြို့ရှိ ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအားလုံးကို အမေရိကန် တပ်ဖွဲ့က ရာထူးမှဖယ်ရှားခဲ့သည်ဟု ဇွန်နာဘီက ပြောကြားသည်။ အဆိုပါ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ခုခံတိုက်ခိုက်ရေးသမားများနှင့် ပူးပေါင်းလုပ်ဆောင်နေသည်ဟု အမေရိကန်တပ်ဖွဲ့က အကြောင်းပြခဲ့သည်။ ဖော်လူဂျာမြို့တွင် လုံခြုံရေးကောင်းမွန်လာစေရေးအတွက် မိမိတို့ ကြိုးပမ်းနေစဉ်မှာပင် မိမိတို့ ရာထူးမှ ဖယ်ရှားခံခဲ့ရကြောင်း ရာထူးမှ ပြုတ်ကျခဲ့သော ရဲမှူးကြီး ဆာဗား အယ်လ်ဇွန်နာဘီက ဆန္ဒပြပွဲတွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့သည် ၎င်းတို့၏ ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိသည့် အီရတ် ရဲတပ်ဖွဲ့ဝင်များကို ရာထူးမှ ဖြုတ်ပစ်မည်ဟု ခြိမ်းခြောက်နေကြောင်းရဲတပ်ဖွဲ့ဝင်များကပြောကြားသည်။ အယ်လ်ဇွန်နာဘီသည် ဩဂုတ် ၂၆ ရက်က အမေရိကန်စစ်အရာရှိတစ်ဦးနှင့် အီရတ် ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှင့် တွေ့ဆုံခဲ့ပြီးနောက် ရာထူးမှ ဖယ်ရှားခံရကြောင်း ရာမာဒီမြို့မှ ရဲတပ်ဖွဲ့တာဝန်ရှိသူများကအတည်ပြုပြောကြားသည်။ ယင်းပြောကြားချက်နှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်က ချက်ချင်းဝေဖန်ပြောဆိုခြင်းမရှိပေ။

အင်တာနက်။

အီရတ်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် ရေနံပိုက်လိုင်းများ တိုက်ခိုက်ခံရ အီရတ်စီးပွားရေး ထပ်မံဖရိုဖရဲဖြစ်ပြီး ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်

ဘာဆာရာ စက်တင်ဘာ ၅

အီရတ်နိုင်ငံမြောက်ပိုင်းနှင့်တောင်ပိုင်းတို့တွင် ရေနံပိုက်လိုင်းများကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ဖောက်ခွဲတိုက်ခိုက်လျက်ရှိရာ အီရတ်နိုင်ငံ၏ ကျဆင်းနေသော စီးပွားရေးကို ထပ်မံဖရိုဖရဲဖြစ်စေပြီး ကမ္ဘာ့ရေနံဈေးနှုန်းကို ပြန်လည်မြင့်တက်သွားစေခဲ့သည်။

ကယ်ကွတ်မြို့မှ ရေနံတင်ပို့မှုများ ရပ်ဆိုင်းခဲ့သည့် အီရတ်နိုင်ငံ မြောက်ပိုင်းမှ အီရတ် ခုခံတိုက်ခိုက်ရေးသမားများ၏ ထပ်မံတိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံ၏ အဓိကဝင်ငွေရရှိရာ ရေနံလုပ်ငန်းကို ထိုးနှက်လိုက်ပြီးနောက် နှစ်ရက်မပြည့်မီမှာပင် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့အနီးရှိ ရေနံပိုက်လိုင်းကို တိုက်ခိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံမြောက်ပိုင်းကယ်ကွတ်မြို့ ရေနံမြေကို သွယ်တန်းဖောက်လုပ်ထားသော ဒုတိယမြောက်ရေနံပိုက်လိုင်းကို စနေနေ့မွန်းလွဲက ဖောက်ခွဲခဲ့ကြကြောင်း လုံခြုံရေးတာဝန် ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ဘာဆာရာမြို့တွင် ရေနံလုပ်ငန်းတာဝန်ရှိပုဂ္ဂိုလ်များသည် ရေနံပိုက်လိုင်း မီးလောင်နေမှုကို ထိန်းချုပ်ရန်နှင့် ရေနံတင်ပို့နိုင်ရန် အားထုတ်ကြိုးပမ်းနေသည်။

ဖောက်လုပ်ထား

ယှဉ်တွဲ ဖောက်လုပ်ထားသည့်ရေနံပိုက်လိုင်းနှစ်ခုကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ဖျက်ဆီးခဲ့ကြကြောင်း၊ ပထမ ရေနံပိုက်လိုင်းမှာ ဟီရီသာ လျှပ်စစ်ဓာတ်အားစက်ရုံသို့ ရေနံများ တင်ပို့ရပြီး ဒုတိယမြောက် ရေနံပိုက်လိုင်းမှာ နီယာဘိုမာမြို့မှ ရေနံတွင်းများရှိရာသို့ ဖောက်လုပ်ထားခြင်းဖြစ်ကြောင်း တောင်ပိုင်းရေနံကုမ္ပဏီ အမှုဆောင်အရာရှိချုပ် အလီအယ်လျူဘိုင်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယင်းကဲ့သို့ တိုက်ခိုက်ခံရမှုကြောင့် ရေနံတင်ပို့မှုကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ သို့ရာတွင် မည်မျှမည်မျှ ထိခိုက်သည်ကို ချက်ချင်းမသိရှိနိုင်သေးကြောင်း ၎င်းက ပြောကြားသည်။ ရေနံပိုက်လိုင်းများကို တိုက်ခိုက်မှုသည် နံနက် ၈နာရီခွဲခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ ဗိုလ်မှူးကြီး နူရီဂျဖားဖာယက်က ပြောကြားသည်။

အီရတ်နိုင်ငံတောင်ပိုင်းမှ ရေနံပိုက်လိုင်းတစ်ခုမှာ လွန်ခဲ့သည့် တနင်္ဂနွေနေ့က တိုက်ခိုက်ခံရပြီး ဘာဆာရာမြို့တောင်ဘက်ရှိ မဟာမာမိရူရစ်ဖ် ရေနံမြေမှ သွယ်တန်းဖောက်လုပ်ထားသည့် အခြားရေနံပိုက်လိုင်းတွင်လည်း ရေနံများ ယိုစိမ့်ထွက်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။

အင်တာနက်။

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ အစိမ်းရောင်ဇုန်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် စစ်ရဟတ်ယာဉ်များကို စက်တင်ဘာ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာဆာရာ၌ရေဒီယိုသတ္တိကြွ လက်နက်များကြောင့် သေဆုံးမှုနှုန်းတိုး

ဘဂ္ဂဒက် စက်တင်ဘာ ၆

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ကင်ဆာရောဂါဖြင့် သေဆုံးမှုနှုန်း မြင့်မားနေကြောင်းဖြင့် အမ်ဇာမန်းသတင်းစာကစနေနေ့က ရေးသားဖော်ပြလိုက်သည်။

လေထုညစ်ညမ်းမှု တိုးမြင့်လာမှု၊ ဆေးဝါးရှားပါးမှုနှင့် ကင်ဆာရောဂါနှင့်ပတ်သက်၍ အကူအညီရရှိမှုနည်းပါးခြင်းတို့ကြောင့် ယင်းသို့ သေဆုံးသူဦးရေများလာခြင်းဖြစ်ကြောင်း ဘာဆာရာကျန်းမာရေးဌာန အကြီးအကဲဆရာဝန် အဗ္ဗဒူဆာဒါ၏ ပြောကြားချက်ကို ဖော်ပြပါ သတင်းစာက ကိုးကားရေးသားသည်။

စစ်ပွဲများမှ ကျန်ရှိနေသည့် ရာချီရှိသော လက်နက်ပျက်များမှ ဓာတ်ရောင်ခြည် ထုတ်လွှတ်မှုသည် ဒေသအတော်များများသို့ ပျံ့နှံ့ရောက်ရှိသွားကာ လေထု ညစ်ညမ်းစေခဲ့ကြောင်း ဘာဆာရာ ကျန်းမာရေးဌာနက ထုတ်ဝေသည့် အစီရင်ခံစာတွင်ဖော်ပြထားသည်။

ဖော်ပြပါလက်နက်များတွင် ရေဒီယိုဓာတ်ကြွပစ္စည်းများပါဝင်ပြီး လူထုကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေကာ ကင်ဆာနှင့် အခြားရောဂါများဖြစ်ပွားစေသည်ဟု အဆိုပါ အစီရင်ခံစာအရသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် အသေခံကားဗုံးဖောက်ခွဲ၍ လူ ၂၀ သေဆုံး

ကယ်ကွတ် စက်တင်ဘာ ၄

အီရတ်နိုင်ငံမြောက်ပိုင်းဒေသ ကယ်ကွတ်မြို့ရှိ ရဲအတတ်သင်ကျောင်းအပြင်ဘက်တွင်စနေနေ့က သင်တန်းသားရဲများနှင့် အရပ်သားများ ရာချီသွားနေစဉ် အသေခံကားဗုံးဖောက်ခွဲမှု ဖြစ်ပွားသောကြောင့် လူ ၂၀ သေဆုံးပြီး ၃၆ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

တလ်အဖာမြို့တွင် ခုခံရေးသမားတစ်ဦး နေထိုင်ရာတိုက်ခန်းအား အမေရိကန်တပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်တိုက်ခိုက်ပြီးနောက် အမေရိကန်၊ အီရတ်ရဲတပ်ဖွဲ့ဝင်များသည် ခုခံရေးသမားများနှင့်သီးခြားတိုက်ခိုက်မှုဖြစ်ပွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ယင်းတိုက်ခိုက်မှုတွင် လူကိုးဦးထက်မနည်းသေဆုံးခဲ့ပြီး လူ ၅၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံမှတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

လူနာတင်ကားများ ကယ်ကွတ်မြို့ရှိ ပေါက်ကွဲရာနေရာသို့ မောင်းနှင်လာကြသည်။ ယင်းပေါက်ကွဲသည့်နေရာတွင် ကားခုနစ်စီး မီးလောင်နေခဲ့သည်။ ကယ်ဆယ်ရေးဝန်ထမ်းများက ဒဏ်ရာရရှိသူများအား ထမ်းစင်များဖြင့် သယ်ပေးနေရသည်။

ယခုတိုက်ခိုက်မှုသည် အီရတ်ရဲတပ်ဖွဲ့ဝင်များအားတိုက်ခိုက်မှုဖြစ်သည်ဟု ကယ်ကွတ်ရဲတပ်ဖွဲ့မှ ရဲမှူးကြီး ရှာဟက်ကာဒါက ပြောကြားသည်။ အီရတ်ရဲတပ်ဖွဲ့က ယင်း ပေါက်ကွဲရာ လမ်းတစ်လျှောက်ပိတ်ဆို့ထားလိုက်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လူ ၂၀ သေပြီး ၃၆ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ကယ်ကွတ်ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီးယူဆစ်က ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံး ဆာဒါစီးတီးတွင် အမေရိကန် သံချပ်ကာကား တစ်စီး ကင်းလှည့်စောင့်ကြပ်နေသည်ကို စက်တင်ဘာ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အယ်ဂျာဇီယာရုပ်သံကိုပိတ်ပင်မှု အီရတ်အစိုးရသက်တမ်းတိုး

ဘဂ္ဂဒက် စက်တင်ဘာ ၄

အာရပ်ဘာသာဖြင့်ထုတ်လွှင့်သည့် အယ်ဂျာဇီယာရုပ်မြင်သံကြားဌာနသည် အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားစေရန် လှုံ့ဆော်နေမှုကြောင့် အီရတ်အစိုးရက ပိတ်ပင်ထားမှုကိုအကန့်အသတ်မရှိ သက်တမ်းတိုးချဲ့လိုက်ကြောင်း စနေနေ့တွင် ထုတ်ပြန်ကြေညာသည်။ ကာတာအခြေစိုက် ယင်းရုပ်မြင်သံကြားဌာနသည် အကြမ်းဖက်မှုဘက်မှ သာသာထိုးထိုးဖော်ပြခဲ့မှုများရှိပြီး လူမျိုးရေးတင်းမာမှုများ ဖြစ်ပွားစေရန် ဖန်တီးခဲ့မှုကြောင့် ဘဂ္ဂဒက်ရှိ ၎င်း၏ရုံးခွဲကို ပိတ်ထားရန် ဩဂုတ် ၅ ရက်က အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

ယာယီအခိုက်အတန့်အားဖြင့် ယင်းရုပ်မြင်သံကြားရုံးခွဲကို ပိတ်ထားစဉ်အတွင်း အယ်ဂျာဇီယာအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ယင်းစွပ်စွဲချက်များနှင့် ပတ်သက်၍ ထုချေရန်ရှိကြောင်း အီရတ်အစိုးရက မျှော်လင့်သည်။ သို့ရာတွင် ယင်းရုပ်မြင်သံကြားဌာနက တစ်စုံတစ်ရာတုံ့ပြန်ခြင်းမရှိခဲ့ဟု အီရတ်အစိုးရကြေညာချက်တွင် ဖော်ပြထားသည်။

အယ်လ်ဂျာဇီယာရုပ်မြင်သံကြားသည် ဝန်ကြီးများအဆင့် အမျိုးသားလုံခြုံရေးကော်မတီက ချမှတ်ထားခဲ့သည့် ဆုံးဖြတ်ချက်များကို လေးစားလိုက်နာခဲ့ခြင်းမရှိသလို ယာယီပိတ်ထားသည့် အမိန့်အား ဂရုပြုခြင်းမရှိဘဲ အီရတ်နိုင်ငံအတွင်း တွေ့ဆုံမေးမြန်းခန်းများကို ဆက်လက်ထုတ်လွှင့်နေခဲ့ကြောင်း ယင်းကြေညာချက်တွင်ပါရှိသည်။ ***အင်တာနက်။***

အာဆီယံ–ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးကို ဖိလစ်ပိုင်က အိမ်ရှင်အဖြစ် ကျင်းပရန်မျှော်လင့်

မနီလာ စက်တင်ဘာ ၆

အာဆီယံနိုင်ငံ ခေါင်းဆောင်များနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့၏ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပသွားနိုင်လိမ့်မည်ဟု ဖိလစ်ပိုင်နိုင်ငံက မျှော်လင့်လျက်ရှိကြောင်း မနီလာဘူလက်တင် နေ့စဉ်က စက်တင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြလိုက်သည်။

လာမည့် စက်တင်ဘာလ ၂၈ ရက်တွင် နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်၌ (၅၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ ကျင်းပရန်ရှိသည်။ ထိုအစည်းအဝေးနှင့် တစ်ပါတည်း နှစ်ပတ်လည် နေ့လယ်စာ တည်ခင်းဧည့်ခံပွဲလည်း ရှိသည်။ ထိုသို့ တည်ခင်းဧည့်ခံရာ၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် အထွေထွေညီလာခံ သဘာပတိတို့ တွေ့ဆုံကြမည်ဖြစ်ရာ အာဆီယံ ထိပ်သီးများနှင့် ကုလသမဂ္ဂတို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသွားနိုင်ရေး ကိစ္စကို ဆွေးနွေးကြမည်ဟု လာရှိ အလ်ဘာဂျာဂျူနီယာက ပြောကြားသည်ကို ကိုးကား၍ မနီလာ ဘူလက်တင်က သတင်းဖော်ပြခဲ့ခြင်း ဖြစ်သည်။ ၎င်းပုဂ္ဂိုလ်သည် ဖိလစ်ပိုင်နိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးဖြစ်သည်။

ပထမအကြိမ် အာဆီယံ–ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးကို ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလက ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည်။ ယခုအခါ တိုးတက်များပြားလာသော နယ်ပယ်များတွင် အာဆီယံနိုင်ငံများနှင့် ကုလသမဂ္ဂအဖွဲ့တို့သည် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြရာ နောက်တစ်ကြိမ် အာဆီယံ–ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပသွားရန် အချိန်တန်နေပြီဖြစ်ကြောင်း ဘာဂျာကပြောကြားသည်ဟု ဆိုသည်။

ကုလသမဂ္ဂ၌ လာမည့်နှစ် စက်တင်ဘာလတွင် ရာစုနှစ်သစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့် စပ်လျဉ်းသော အစည်းအဝေး ကျင်းပရန်ရှိသည်။ ထိုအစည်းအဝေး၌ သဘာပတိအဖြစ် ဖိလစ်ပိုင်နိုင်ငံက တာဝန်ယူရန်ရှိသည်။ အဆိုပါ ကာလအတွင်း အာဆီယံ–ကုလသမဂ္ဂထိပ်သီးအစည်းအဝေးကို မနီလာ၌ဖြစ်စေ သို့မဟုတ် နယူးယောက်၌ဖြစ်စေ ကျင်းပနိုင်လိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း ဖိလစ်ပိုင်သံအမတ်ကြီးက ဆက်လက်ပြောကြားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



ပြည်တွင်း အသားတင်ထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ) ပုံမှန်တိုးတက်နေသော ဗီယက်နမ်နိုင်ငံတွင် စွမ်းအင်ကဏ္ဍ မြင့်မားလာစေရန် အစိုးရက ကြိုးပမ်းလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသည်ပြည်ပသို့ ရေနံစိမ်းတင်ပို့ရောင်းချမှု တိုးမြှင့်လျက်ရှိသည်။
(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယနှင့်ထိုင်းဆက်ဆံရေး အထူးတိုးတက် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်နေ

ပေကျင်း စက်တင်ဘာ ၆

အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့သည် ကဏ္ဍပေါင်းစုံ၌ ဆက်ဆံရေးအထူးတိုးတက်ကောင်းမွန်နေကြောင်း၊ မကြာသေးမီက မိမိတို့ နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် အလည်အပတ်ခရီးစဉ်များသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာတိုးတက်စေကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရာကီယတ်ဆာသီယာထိုင်းက တရုတ်ပြည်မြို့တော် ပေကျင်း၌ နိုင်ငံတကာအစည်းအဝေးတစ်ရပ် ကျင်းပစဉ်ကာလအတွင်း ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။

ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့သည် စီးပွားရေးနယ်ပယ်တွင်သာမက နိုင်ငံရေးနှင့်လုံခြုံရေး နယ်ပယ်တွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆာသီယာထိုင်းက ပြောကြားသည်။

ထိုင်းနိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း အလည်အပတ် လာရောက်ခဲ့ခြင်းနှင့် အိန္ဒိယနိုင်ငံသို့ မိမိသွားရောက်ခဲ့သည့် ခရီးစဉ်တို့သည် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေကြောင်း ဆာသီယာထိုင်းက ပြောကြားသည်။

ဝန်ကြီးချုပ်ဆင်းသည် ဇူလိုင်လနှောင်းပိုင်းက ဘင်းမ်စတက်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပထမအကြိမ်ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ရောက်ရှိခဲ့သည်။ အိန္ဒိယကွန်ဂရက်ပါတီဥက္ကဋ္ဌနှင့် ညီညွတ်တိုးတက်သော မဟာမိတ်အဖွဲ့အမည်ရှိ ညွန့်ပေါင်းအဖွဲ့၏ဥက္ကဋ္ဌဖြစ်သူ ဆိုနီယာဂန္ဒီသည်လည်း အိန္ဒိယတွင်အစိုးရအဖွဲ့သစ်ဖွဲ့စည်းအပြီး မကြာမီတွင် ကမ္ဘာ့အိဒ်စ်ညီလာခံသို့ တက်ရောက်ရန် ဗန်ကောက်သို့ သွားရောက်ခဲ့သည်။

အမ်အင်အေ၊ ပီတီအိုင်။

အာရှနိုင်ငံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း

ပေကျင်း စက်တင်ဘာ ၆

အာရှနိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ် ဖြစ်ပေါ်စေရေးအတွက် စွမ်းအင်ကဏ္ဍ၌ ပူးပေါင်းမှုမြှင့်တင်ကြရန် တတိယအကြိမ် အာရှနိုင်ငံရေးပါတီများ ညီလာခံသို့ တက်ရောက်နေကြသော ကိုယ်စားလှယ်များက တိုက်တွန်းလိုက်ကြသည်။

စွမ်းအင်ကဏ္ဍ ကိစ္စရပ်များသည် အာရှနိုင်ငံများအားလုံး စီးပွားရေး၊ ဖူလုံမှုရရှိရေးနှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် အရေးပါကြောင်း၊ စွမ်းအင်အရင်းအမြစ်များ ဖူလုံရေးသည် ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်တွေ့ကြုံနေရသော ပြဿနာဖြစ်ကြောင်း အာရှနိုင်ငံရေး ပါတီများညီလာခံအပြီး တနင်္ဂနွေနေ့က ထုတ်ပြန်သောပေကျင်းကြေညာချက်တွင် ဖော်ပြထားသည်။

စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းသည် အာရှနိုင်ငံများ၏ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ အာရှနိုင်ငံများသည် အပြန်အလှန် အကျိုးကျေးဇူးရှိစေရေး အခြေခံဖြင့် စွမ်းအင်ကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးမှုများ မြှင့်တင်သင့်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြ ထားသည်။

အာရှနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီး ဒေသဆိုင်ရာ အခြေအနေများနှင့်အညီ ကိုယ်ပိုင်ဖွံ့ဖြိုးမှု ပုံစံအတိုင်း ဖွံ့ဖြိုးတိုးတက်နေကြောင်း၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်များတွင် အပြန်အလှန် ပူးပေါင်း ဆောင်ရွက်မှုများ မြင့်မားတိုးတက်နေကြောင်း ပူးတွဲကြေညာချက်တွင်ဖော်ပြထားသည်။

အာရှနိုင်ငံများအားလုံးသည် ခေတ်မီတိုးတက်သော နိုင်ငံများအဖြစ်သို့ တည်ဆောက်ရာတွင် တိုးတက်မှုများ ရရှိနေကြောင်း၊ နိုင်ငံခေတ်မီ တိုးတက်ရေးလုပ်ငန်းစဉ် အောင်မြင်မှုရရှိရေးအတွက် နိုင်ငံရေးနှင့် လူမှုရေး တည်ငြိမ်မှုရရှိစေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင် စက်တင်ဘာ ၅ ရက်က ကျင်းပသော အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၌ အင်ဒိုနီးရှား ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ရီနီဆူဝန်ဒီ (ဝဲ)၊ **တရုတ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဘိုစီလိုင်** (အလယ်)**နှင့် ဂျပန် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး နာကာဂါဝါ** (ယာစွန်) **တို့အားတွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

တရုတ်–ဗီယက်နမ်ဆက်ဆံရေး ပိုမိုတိုးတက်အောင် ကြိုးပမ်းသွားမည်

ပေကျင်း စက်တင်ဘာ ၆

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် ဆက်ဆံရေးကိစ္စများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ်ဟွမ်းဂျူက ယမန်နေ့တွင် ပြောကြားလိုက်သည်။

နှစ်နိုင်ငံ အိမ်နီးနားချင်းကောင်းပီသစွာ ဘက်စုံပူးပေါင်းရေးနှင့် ရေရှည်တည်ငြိမ်အေးချမ်းရေး အစီအစဉ်များအရ တရုတ်–ဗီယက်နမ်ဆက်ဆံရေးသည် အဆင်ပြေချောမွေ့လျက်ရှိသည်ဟု ဟွမ်းကဆိုသည်။ ၎င်းသည် တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဖြစ်သည်။

တရုတ်နိုင်ငံ တတိယအကြိမ် အာရှအပြည်ပြည်ဆိုင်ရာ နိုင်ငံရေးပါတီများ အစည်းအဝေး (အိုင်စီအေပီပီ)ကို လက်ခံကျင်းပလျက်ရှိသည်။ ထိုအစည်းအဝေးသို့ တက်ရောက်ရန် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီအတွင်းရေးမှူးများအဖွဲ့ဝင် ဗူခွမ်သည်တရုတ်နိုင်ငံ၌ ရောက်ရှိနေခြင်းဖြစ်သည်။ ၎င်းနှင့် တရုတ်ဒုတိယဝန်ကြီးချုပ်တို့သည် အစည်းအဝေးတွင် တွေ့ဆုံခဲ့ကြသည်။ ထိုသို့ တွေ့ဆုံရာ၌ နှစ်နိုင်ငံတို့သည် အိမ်နီးချင်းမိတ်ဆွေကောင်းဖြစ်ရေးနှင့် ရဲဘော်ရဲဘက်လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ ပူးပေါင်းအားထုတ်သွားကြရန် လိုလားကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အိုင်စီအေပီပီ အစည်းအဝေးသို့ အာရှ၃၅နိုင်ငံတို့မှ လာရောက်ကြသော နိုင်ငံရေးပါတီပေါင်း ၈၁ ပါတီတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ထိုအစည်းအဝေးကို စက်တင်ဘာ၃ ရက်က စတင်ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသည် တရုတ်နိုင်ငံကွန်မြူနစ်ပါတီက ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့သောအစည်းအဝေးဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံ၏လုပ်ဆောင်မှုအပိုင်းတွင် ပြုပြင်ပြောင်းလဲမှုများနှင့် တံခါးဖွင့်ဝါဒများကို ၁၉၈၆ခုနှစ်မှစ၍ ပြုလုပ်ခဲ့သည်။ ထိုလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ရရှိလာသော အောင်မြင်မှုများအတွက် တရုတ်နိုင်ငံက ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်ဟုလည်း တရုတ်ဒုတိယဝန်ကြီးချုပ်က ဗီယက်နမ်ဒုတိယဝန်ကြီးချုပ်နှင့်တွေ့ဆုံရာ၌ ပြောကြားသွားသည်။

ယခုကျင်းပသော အာရှနိုင်ငံရေးပါတီများ အစည်းအဝေး၏ ဆွေးနွေးချက်များသည် အာရှပါတီများတွင် တူညီသောသဘောထားရှိကြသည်ကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။ အာရှပါတီများသည် ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးတို့ကို လိုလားကြသည့်နည်းတူ အာရှရေးရာများနှင့် ကမ္ဘာ့ရေးရာများတွင် တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ၏ ပါဝင်လာမှုတိုးမြင့်လာသည်ကိုလည်း လိုလားကြောင်း ဗီယက်နမ် ဒုတိယဝန်ကြီးချုပ်ဗူက ပြောကြားသည်။

ဘက်စုံဖွံ့ဖြိုးရေးနှင့် တည်ငြိမ်မှုရရှိရေးတို့အတွက် တရုတ်–ဗီယက်နမ်နှစ်ပါတီတို့သည် လက်တွဲဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းကိုပါ ဗီယက်နမ်ဒုတိယဝန်ကြီးချုပ်က ဆက်လက်ပြောကြားသွားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လူတိုင်းအတွက် ပညာရေး

Education for All

ဦးတင်ညို

ခါနွေရက်တွင်း
ပန်းလည်းသင်းသည်
လေညင်းလည်းလာ
လလည်းသာပြီ
စာသင်ဝိုင်းသို့ သွားကြစို့။

ခြိမ့်သဲ
တမူးမြို့နယ်စာတတ်မြောက်ရေးလှုပ်ရှားမှု (၁၉၈၂)

ပညာရေးသည် မျက်မှောက်ခေတ်ကာလတွင် နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်သာလျှင်မဟုတ်တော့ဘဲ နိုင်ငံ၏ တည်တံ့ခိုင်မြဲမှု၊ လုံခြုံရှင်သန်မှုတို့အတွက်ပါ အရေးပါကြောင်း တစ်ကမ္ဘာလုံးသိမှတ်ခံယူလာခဲ့ကြပြီးဖြစ်ပါသည်။

နိုင်ငံသားတိုင်း ပညာသင်ယူမှု အခွင့်အလမ်းရရှိရေးကို နိုင်ငံအသီးသီးက အားထုတ်ကြိုးပမ်းကြသကဲ့သို့ ကမ္ဘာကြီးက ပေါင်းစပ်စုစည်းကာ အကောင်အထည်ဖော်ရမည့် တာဝန်ကြီးအဖြစ် ခံယူဆောင်ရွက်ကြစေရန် "လူတိုင်းအတွက်ပညာရေး World Conference on Education for All "ကို ၁၉၉၀ ပြည့်နှစ်က ထိုင်းနိုင်ငံ ဂျွမ်တီယံမြို့တွင် ကျင်းပခဲ့ပါသည်။ ထိုကမ္ဘာ့ညီလာခံသည် "လူတိုင်းအတွက်ပညာရေး ၂၀၀၀ ပြည့်နှစ် ဂျွမ်တီယံ ကြေညာချက်"(Jomtien Declaration on Education for All 2000)ကို တညီတညွတ်တည်း အတည်ပြုနိုင်ခဲ့ကြပါသည်။ ယင်းသည် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သော ယူနီဆက်၊ ယူနက်စကို၊ ယူအင်ဒီပီ၊ ကမ္ဘာ့ဘဏ်အဖွဲ့နှင့် နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ၊ ပညာရေးဆိုင်ရာ အကြီးအကဲများ ပူးပေါင်းချမှတ်သည့် ကမ္ဘာ့လူသားအားလုံးအတွက် ကြေညာချက်တစ်ရပ်လည်းဖြစ်ပါသည်။ ကြေညာချက်အရ နိုင်ငံအသီးသီးက အကောင်အထည်ဖော်ရမည့် လုပ်ငန်းများအနက် အဓိကရည်မှန်းချက်များမှာ–

- **နိုင်ငံတိုင်း၏ ၁၉၉၀ပြည့်နှစ် သက်ကြီးစာမတတ်မှုရာခိုင်နှုန်းကို ၂၀၀၀ပြည့်နှစ်တွင် ထက်ဝက်လျှော့ချရန်၊**
- **ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေပြီး ၈၀ ရာခိုင်နှုန်းသည် မူလတန်းပညာပြီးဆုံးရန်၊**
- **ကလေးသူငယ်များ၊ ကျောင်းထွက်စောသူများနှင့် လူငယ်များ၊ သက်ကြီးများ ပညာသင်ယူမှု အခွင့်အလမ်းတိုးမြင့်စေရန်** တို့ဖြစ်ကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူတိုင်းအတွက် ပညာရေးလုပ်ငန်းများ အကောင်အထည် ဖော်နိုင်ရေးအတွက် ၁၉၉၀ပြည့်နှစ်မှ ၁၉၉၅ခုနှစ်အထိ အကြိုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ကျောင်းပြင်ပ ပညာရေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲများကျင်းပပြီး သင်တန်းများဖွဲ့စည်းပို့ချခြင်း၊ သင်ယူသင်ကြားမှု အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကျောင်းပညာရေးနှင့် စပ်လျဉ်း၍လည်း ပညာရည်စစ်ဆေး တိုင်းတာမှု၊ ကျောင်းနေအရွယ် ကလေးများ ကျောင်းတက်ရေးနှင့် မူလတန်းပညာနှင့် ဆရာအတတ်ပညာ အရည်အသွေး မြင့်မားရေးတို့အတွက် ဆောင်ရွက်ခဲ့ပါသည်။

လူတိုင်းအတွက် ပညာရေးလုပ်ငန်းများကို လမ်းညွှန်ကြီးကြပ်မှုပြုနိုင်ရေးအတွက် ၁၉၉၆ ခုနှစ်တွင် ကော်မတီအသီးသီးကို ဖွဲ့စည်းခဲ့ရာ ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သည့် "လူတိုင်းအတွက် ပညာရေး ပေါင်းစပ်ညှိနှိုင်းမှု ဗဟိုကော်မတီ" ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သည့် "လူတိုင်းအတွက် ပညာရေးဦးစီးကော်မတီ" ကိုလည်းကောင်း ဗဟိုအဆင့်တွင် ဖွဲ့စည်းခဲ့ပါသည်။

အဆိုပါ ကော်မတီကြီးနှစ်ခုကို တာဝန်ခံကာ ဆောင်ရွက်ကြရမည့် ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေး၊ ပညာရေးစီမံကိန်းနှင့် စာရင်းအင်း၊ ပြန်ကြားရေး၊ ရန်ပုံငွေရှာဖွေရေးနှင့် ပြည်နယ်နှင့်တိုင်း လူတိုင်းအတွက် ပညာရေးလုပ်ငန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ခြောက်ခုတို့ကို ဖွဲ့စည်းပြီး တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါသည်။ ၁၉၉၆–၉၇ ပညာသင်နှစ်မှအစပြုလျက် နှစ်စဉ်စီမံချက်များ ချမှတ်ကာ အကောင် အထည်ဖော်ခဲ့ကြရာတွင် ထိုစဉ်က ကျောင်းပြင်ပ ပညာရေးလုပ်ငန်းတွင် ရည်မှန်းချက် ပြည့်မီခဲ့ သော်လည်း ကျောင်းပညာရေးတွင် လျာထားချက်မပြည့်မီခဲ့ပါ။

လူတိုင်းအတွက်ပညာရေး (၁၉၉၀–၂၀၀၀) ရည်မှန်းချက်များကို နိုင်ငံအသီးသီးက ကြိုးပမ်းအကောင် အထည်ဖော်ခဲ့ကြသော်ငြားလည်း နိုင်ငံအများအပြားမှာ ချမှတ်ထားသည့် ရည်မှန်းချက်များကို ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြချေ။ ၁၉၉၉ ခုနှစ်၏ လေ့လာဆန်းစစ်မှုတွင် တစ်ကမ္ဘာလုံး၌ အောက်ဖော်ပြပါ အားနည်းချက်များ ဆက်လက်တည်ရှိနေသေးကြောင်း လေ့လာတွေ့ရှိကြရပါသည်–

- **ကျောင်းနေအရွယ်ကလေး ၁၁၃ သန်းသည်မူလတန်း ပညာသင်ယူခွင့် မရရှိသေးခြင်း၊**
- **သက်ကြီး သန်း ၈၈၀ ခန့် စာမတတ်ကြခြင်း၊**
- **ပညာရေးတွင် အမျိုးသား၊ အမျိုးသမီး ခွဲခြားမှု ဆက်လက်တည်ရှိနေခြင်းနှင့်**
- **သင်ယူမှုအရည်အသွေး၊ လူသားတန်ဖိုးထားမှုနှင့် ကျွမ်းကျင်မှုရရှိမှုရည်မှန်းချက်များ ဖြည့်ဆည်းနိုင်မှု မရှိခြင်းတို့ ဖြစ်ကြပါသည်။ အဓိကအားနည်းချက်များပင် ဖြစ်နေကြပါသည်။**

သို့ဖြစ်လေရာ ၂၀၀၀ပြည့်နှစ်၌ အာဖရိကတိုက် ဆီနီဂေါနိုင်ငံ ဒါကာမြို့တွင် ကမ္ဘာ့နိုင်ငံ ၁၆၄ နိုင်ငံတို့မှ အစိုးရအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပညာရေးနှင့် ဆက်နွယ်သည့် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များတက်ရောက်ကြသည့် "ကမ္ဘာ့ပညာရေးညီလာခံ (World Education Forum)"ကို ကျင်းပခဲ့ပါသည်။ "ဒါကာ လူတိုင်းအတွက် ပညာရေးရည်မှန်းချက်များ (Dakar EFA Goals)"ကို ချမှတ်ခဲ့ကြပါသည်။ ၂၀၀၀ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ၁၅ နှစ်တာကာလအတွင်း နိုင်ငံအသီးသီးသည် အကောင်အထည်ဖော်ရမည့် ရည်မှန်းချက်များကို မိမိတို့၏ ဒေသရေမြေအခြေအနေနှင့် လိုက်လျောညီညွတ်သည့် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဤသို့ဖြင့် လူတိုင်းအတွက်ပညာရေး (၁၉၉၀–၂၀၀၀) (EFA 1990-2000) မှသည် လူတိုင်းအတွက် ပညာရေး (၂၀၀၀–၂၀၁၅) (EFA 2000-2015)သို့ ထပ်မံတိုးချဲ့လာခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ်တွင် ချမှတ်ခဲ့သော လူတိုင်းအတွက် ပညာရေး ဒါကာရည်မှန်းချက် (၂၀၀၀–၂၀၁၅) အတွက် မြန်မာနိုင်ငံသည် လုပ်ငန်းများကို စနစ်တကျ ပါဝင်လှုပ်ရှား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် "လူတိုင်းအတွက် ပညာရေး နိုင်ငံအဆင့် လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့"နှင့် "လူတိုင်းအတွက်ပညာရေးလုပ်ငန်း ဖော်ဆောင်မှုအဖွဲ့"တို့ကို ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့တို့၏ ကြိုးပမ်းမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်းသော "မြန်မာနိုင်ငံလူတိုင်းအတွက် ပညာရေးရည်မှန်းချက်များ"ကို အောက်ပါအတိုင်း ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါသည်–

(၁) ၂၀၁၅ ခုနှစ်တွင် ကျောင်းနေအရွယ်ကလေးများ အားလုံး အခမဲ့ မသင်မနေရ အရည်အသွေး ကောင်းမွန်သည့် အခြေခံပညာရေးကို ပြီးဆုံးအောင် သင်ယူခွင့်ရရှိရေးအတွက် သိသာထင်ရှားသည့် တိုးတက် အောင်မြင်မှုရရှိ လာစေရန် သေချာအောင် ဆောင်ရွက်ရေး၊

(၂) ဆရာများ၊ ပညာရေးလုပ်သားများနှင့် သင်ရိုးညွှန်းတမ်းတို့ပါဝင်သည့် အရည်အသွေးကောင်းမွန်သောအခြေခံပညာရေးထောင့်စုံ ဘက်စုံတိုးတက် လာစေရေး၊

(၃) ၂၀၁၅ ခုနှစ်တွင် လူတိုင်းအတွက် လုပ်ငန်းအခြေပြု စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး အဆင့်အားလုံး သိသာထင်ရှားစွာ တိုးတက် အောင်မြင်လာရေး၊

(၄) ကျောင်းပြင်ပ ပညာရေး၊ ဘဝတွက်တာ ကျွမ်းကျင်မှုနှင့် ကာကွယ်တားဆီးမှု ပညာရေး အစီအစဉ်များမှတစ်ဆင့် လူရွယ်များနှင့် သက်ကြီးများ၏ သင်ယူမှုလိုအပ်ချက်များရရှိလာစေရန် သေချာအောင် ဆောင်ရွက်ရေး၊

(၅) ရှေးဦး ကလေးသူငယ် ဖွံ့ဖြိုးမှုပြုစုပျိုးထောင်ရေး၊ ၎င်းနှင့်ဆိုင်သော ပညာပေးရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ဆောင်ရေးနှင့် ပိုမိုတိုးတက် ကောင်းမွန်အောင်ဆောင်ရွက်ရေး၊

(၆) ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေး သတင်းအချက်အလက်စနစ်ကို အားဖြည့်ဆောင်ရွက်ရေး၊

အထက်ပါရည်မှန်းချက်များကို အခြေပြုလျက် "လူတိုင်းအတွက်ပညာရေး နိုင်ငံအဆင့် စီမံချက်" (Education fot All National Action Plan-EFA NAP)ကို ၂၀၀၃ ခုနှစ်တွင် ရေးဆွဲခဲ့ပြီးဖြစ်သည်။ စီမံချက်ကို ရေးဆွဲပြုစုရာတွင် ပညာရှင်များသာ စုစည်းရေးဆွဲခြင်းမျိုး မဟုတ်ဘဲ သက်ဆိုင်ရာ အလွှာအသီးသီးတို့မှ ပုဂ္ဂိုလ်များကိုယ်တိုင် ပါဝင်ကာ ၎င်းတို့ အမှန်တကယ်ဆောင်ရွက်သင့်၊ ဆောင်ရွက်မည့်လုပ်ငန်းများကို အကြိမ်ကြိမ်စည်းဝေးဆွေးနွေးညှိနှိုင်းကြလျက် ပြုစုရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသားတို့က ကိုယ့်နိုင်ငံအတွက် စနစ်တကျပြုစုထားသော စီမံချက်ဖြစ်သည့်နည်းတူ ကိုယ့်နိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသော အခြေခံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်ရှည်စီမံကိန်းတွင် ပါဝင်သည့် အစီအစဉ်များနှင့်လည်း ချိတ်ဆက်ရေးဆွဲထားခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနက ပညာရေးလုပ်ငန်းအစီအစဉ်ကြီး (၁၀)ရပ်ကို အကောင်အထည်ဖော်နေသည့်ဖြစ်စဉ်မှာပင် လူတိုင်းအတွက် ပညာရေးလုပ်ငန်းရည်မှန်းချက်များ အကောင်အထည်ဖော်ခြင်းဖြစ်သကဲ့သို့ လူတိုင်းအတွက် ပညာရေးလုပ်ငန်းများကို ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းမှာလည်း ပညာရေးကဏ္ဍ နှစ်ရှည်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်ကို သိသာမြင်သာနိုင်ပါသည်။

၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးရလဒ်ကောင်းများ ပေါ်ထွက်လာသည်ကို တွေ့ရှိရသည်။ ကျောင်းနေအရွယ် ကလေးများ ကျောင်းနေရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့်အတူ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ အစိုးရ ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာရှင် မိဘပြည်သူများ၏ ဝိုင်းဝန်းအားထုတ်မှုကြောင့် မူလတန်းဆင့် ကျောင်းဝင်နှုန်းမှာ နှစ်အလိုက်တိုးမြင့်လာခြင်းဖြစ်ပါသည်–

ပညာသင်နှစ်	ရာခိုင်နှုန်း
၂၀၀၂–၂၀၀၃	၉၃ ဒသမ ၀၇ ရာခိုင်နှုန်း
၂၀၀၃–၂၀၀၄	၉၅ ဒသမ ၀၅ ရာခိုင်နှုန်း
၂၀၀၄–၂၀၀၅	၉၆ ဒသမ ၅၆ ရာခိုင်နှုန်း

အလားတူပင် လူတိုင်းအတွက် ပညာရေးရည်မှန်းချက် (၄)တွင်ပါရှိသည့် လုပ်ငန်းများသည် သက်ကြီး စာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ခြင်းဖြင့် နှစ်စဉ်တိုးတက် လာသည်ကို တွေ့ရပြန်ပါသည်–

ပညာသင်နှစ်	ရာခိုင်နှုန်း
၂၀၀၀	၉၁ ဒသမ ၀ ရာခိုင်နှုန်း
၂၀၀၁	၉၁ ဒသမ ၄ ရာခိုင်နှုန်း
၂၀၀၂	၉၁ ဒသမ ၈ ရာခိုင်နှုန်း
၂၀၀၃	၉၂ ဒသမ ၂ ရာခိုင်နှုန်း
၂၀၀၄	၉၃ ဒသမ ၃ ရာခိုင်နှုန်း

မြန်မာနိုင်ငံသည် လူတိုင်းအတွက် ပညာရေးအစီအစဉ်များကို ကြိုးပမ်းဆောင်ရွက်ရာတွင် ၂၀၀၃ ခုနှစ် မေလ၌ ကျင်းပခဲ့သော ပညာရေးဆွေးနွေးပွဲတွင် လူတိုင်းအတွက် ပညာရေး အခြေခံသဘောနှင့် မြို့နယ်အဆင့် အကောင်အထည်ဖော်ရေး စီမံချက်ရေးဆွဲမှုတို့အတွက် စာတမ်းတင်သွင်းခဲ့သည်။ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် အဆိုပါ ၂၀၀၃–၂၀၀၄ ခု ပညာသင်နှစ်မှာပင် စတင်အကောင်အထည်ဖော် ဆော်ရွက်ခဲ့ကြပါသည်။ ထို့အပြင် ၂၀၀၄ ခုနှစ် မေလတွင်ကျင်းပသော ပညာရေးဆွေးနွေးပွဲ၌လည်း လူတိုင်းအတွက် ပညာရေးလုပ်ငန်းစဉ်များ လျင်မြန်သွက်လက်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ "အခြေခံပညာကျောင်းများနှင့်ရုံးများ စစ်ဆေးမှုသွက်လက်ထိရောက်ရေး" စာတမ်းကို တင်ပြခဲ့ပြီး လုပ်ငန်းများ စနစ်တကျ သွက်လက်မြန်ဆန်လာစေရန် ဆောင်ရွက်လျက်ရှိပြီ ဖြစ်ပါသည်။

ယခု ၂၀၀၄ ခုနှစ် ဩဂုတ်လအတွင်းက လူတိုင်းအတွက် ပညာရေးလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက် ကြရာ၌ ပြည်နယ်/တိုင်းအသီးသီးတွင် လိုအပ်သည့် ကြီးကြပ် မှုများဆောင်ရွက်နိုင်ရေးလုပ်ငန်း ဆွေးနွေးပွဲကို အချိန်ယူကာ စီစဉ်ကျင်းပဆောင်ရွက်ခဲ့သည်။

လူတိုင်းအတွက် ပညာရေးဟူသည် နိုင်ငံတစ်နိုင်ငံအတွက်သာမက ကမ္ဘာတစ်ခုလုံးက ဦးစားပေး အကောင်အထည်ဖော်ရမည့် အဓိကလုပ်ငန်းကြီး ဖြစ်ပေသည်။ သို့ဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံအနေဖြင့်လည်း အားသွန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိနေပါသည်။

လူတိုင်းအတွက်ပညာရေးသည် အလွန်ကျယ်ပြန့်လှပြီး အစိုးရပညာရေးဌာနကသာ မဟုတ်ဘဲ နိုင်ငံ၏ အဆင့်ဆင့်သော တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများက ပူးပေါင်းပါဝင်မှသာ အောင်မြင်လာ နိုင်မည်ဖြစ်ရာ လူတိုင်းအတွက်ပညာရေးအောင်မြင်နိုင်ရန် လူတိုင်းအတွက် ပညာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော်ရပါသည်။ ။

နိုင်ငံသားတိုင်း ပညာသင်ယူမှု အခွင့်အလမ်းရရှိရေးကို နိုင်ငံအသီးသီးက အားထုတ်ကြိုးပမ်းကြသကဲ့သို့ ကမ္ဘာကြီးက ပေါင်းစပ်စုစည်းကာ အကောင်အထည်ဖော်ရမည့် တာဝန်ကြီးအဖြစ် ခံယူ ဆောင်ရွက်ကြစေရန် "လူတိုင်းအတွက် ပညာရေး World Conference on Education for All "ကို ၁၉၉၀ ပြည့်နှစ်က ထိုင်းနိုင်ငံ ဂျွမ်တီယံမြို့တွင် ကျင်းပခဲ့ပါသည်။ ထိုကမ္ဘာ့ညီလာခံသည် လူတိုင်းအတွက် ပညာရေး ၂၀၀၀ ပြည့်နှစ် ဂျွမ်တီယံ ကြေညာချက်" (Jomtien Declaration on Education for All 2000)ကို တညီတညွတ်တည်း အတည်ပြုနိုင်ခဲ့ကြပါသည်။ ယင်းသည် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်သော ယူနီဆက်၊ ယူနက်စကို၊ ယူအင်ဒီပီ၊ ကမ္ဘာ့ဘဏ်အဖွဲ့နှင့် နိုင်ငံအသီးသီးမှခေါင်းဆောင်များ၊ ပညာရေးဆိုင်ရာ အကြီးအကဲများ ပူးပေါင်းချမှတ်သည့် ကမ္ဘာ့လူသား အားလုံးအတွက် ကြေညာချက်တစ်ရပ်လည်းဖြစ်ပါသည်။

တစ်အိမ်လုံးစာတတ်ဖို့
တစ်ရပ်လုံးကူညီ
တစ်ပြည်လုံးနိုးကြား
ဒို့အင် ဒို့အား ပြည်ထွန်းကား။
ပြည်ခရိုင်စာတတ်မြောက်ရေးကော်မတီ(၁၉၇၂)

၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန်သတ်မှတ်သောသီချင်းများ

မဟာဂီတ

၁။ ပညာရှင်အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) စုံသာမြိုင်လယ် (သီချင်းခံ)
- (ခ) စိန်ခြယ်ခြူးသန်း (ပတ်ပျိုး)
- (ဂ) သန်းယံခြွေ (ပတ်ပျိုး)
- (ဃ) မင်းခမ်းတော်စုံ (သီချင်းခံ)
- (င) သောင်းကျေးဒီပါဖွေ (မွန်)
- (စ) သင်းသင်းကြိုင်ကြိုင် (အမျိုးသား) (သီချင်းခံ)
- (ဆ) မိုးဒေဝါ (အမျိုးသမီး) (ပတ်ပျိုး)
- (ဇ) လွမ်းခလေ့ (ပတ်ပျိုး)
- (ဈ) ခွာပြာသင်း (ပတ်ပျိုး)
- (ည) တိမ်မှောင်ဝေးကင်း (လောကနတ်)
- (ဋ) ဝတိံနန်း (သီချင်းခံ)

၂။ ဝါသနာရှင်အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) မဏိကဋ္ဌနာ (ပတ်ပျိုး)
- (ခ) ဒီပါအေးမြ (ပတ်ပျိုး)
- (ဂ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ဃ) တောင်ယံတောကြီး (မွန်)
- (င) ပန်းမြိုင်လယ် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊အမျိုးသမီး)

- (က) ညင်းညင်း (မွန်)
- (ခ) မြဂန္ဓမာ (ပတ်ပျိုး)
- (ဂ) နှင်းယွန်းခါဟေမန် (ယိုးဒယား)
- (ဃ) သောင်းရွှေလယ် (ယိုးဒယား)

၄။ အခြေခံပညာ (၁၅-၂၀)နှစ် (အမျိုးသား၊အမျိုးသမီး)

- (က) ပန်းဟေဝန် (ယိုးဒယား)
- (ခ) အမင်းမင်းခရ (သီချင်းခံ)
- (ဂ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
- (ဃ) ပန်းညောင်လှိုင်ဘွဲ့ (ယိုးဒယား)

၅။ အခြေခံပညာ (၁၀-၁၅)နှစ် (အမျိုးသား၊အမျိုးသမီး)

- (က) ဇမ္ဗူကျွန်းရင့် (တျာဘွဲ့)
- (ခ) မြိုင်ဟေမာ (ယိုးဒယား)
- (ဂ) မြသိုငယ်စိမ်းနု (ဘွဲ့)
- (ဃ) မှန်ရဝေ (ပတ်ပျိုး)

၆။ အခြေခံပညာ(၅-၁၀)နှစ်(အမျိုးသား၊အမျိုးသမီး)

- (က) သကြိန်မာသကူသန်း (ကြိုး)
- (ခ) ဝေဇယန်နှင့် နှုန်းငြား (ကြိုး)
- (ဂ) ရွှေဘုန်း ရွှေဘုန်းတော်လေတည့်မှ (ကြိုး)
- (ဃ) ဘုံဆောင်မြင့် (ကြိုး)

ခေမ္မပူဇာတေး

၁။ ပညာရှင်အဆင့် (အမျိုးသား)

- (က) စိတ် (ခင်မောင်ရင်)
- (ခ) ဗုဒ္ဓသာသနာရောင် (ဥသြဘသောင်)
- (ဂ) နေရဋ္ဌရာ (စိန်ပါတီ)
- (ဃ) မေတ္တာဝေသံဆန်း (ဝင်းဦး)
- (င) ပတ္တမြားပလ္လင် (ဂီတာစိမ်းမောင်)
- (စ) လောကလူ့ဘုံ (ရတနာပုံမောင်စု)
- (ဆ) ဇောမိပင်နှင့် ရွှေပလ္လင် (ဒေါ်ကြည်အောင်)
- (ဇ) ကျောင်းတော်ရာ (ပြည်ဘရှင်)
- (ဈ) တေဘုမ္မာ (စိန်ဂျွန်းခင်မေ)
- (ည) သိကြားသာသနာ (ခင်မောင်ရင်)

၂။ ပညာရှင်အဆင့် (အမျိုးသမီး)

- (က) မဟာတြိရတနာ (ရီရီသန့်)
- (ခ) နီးအောင်ပင်လှမ်း (ဒေါ်ကြည်အောင်)
- (ဂ) ခတ်တော်ဝေခန်း (ဒေါ်ကြည်အောင်)
- (ဃ) ကမ္ဘာမဏ္ဍိုင် (ဒေါ်ကြည်အောင်)
- (င) ဇာတိအာဏာ (စိန်ဂျွန်းခင်မေ)
- (စ) မင်္ဂလာဆုတောင်း (ဒေါ်တင်အုန်း)
- (ဆ) ဖွားဖက်တော် (လေဘာတီမြရင်)
- (ဇ) မိဘမေတ္တာ (ဒေါ်ကြည်အောင်)
- (ဈ) ကုသိနာရုံ (ဒေါ်တင်အုန်း)
- (ည) သာသနာ့ရောင်ခြည် (ခင်မောင်ရင်)

၃။ ဝါသနာရှင်အဆင့် (အမျိုးသား)

- (က) သီရိဂေဟာ (မောင်ပွကြီး)
- (ခ) အောင်နိမိတ် (ဒေါ်ကြည်အောင်)
- (ဂ) အောင်ခြင်းရှစ်ပါး (မေရှင်)
- (ဃ) မဟာဇနက (ခင်မောင်ရင်)
- (င) ဝိပဿနာ (မောင်မောင်ကြီး)

၄။ ဝါသနာရှင်အဆင့် (အမျိုးသမီး)

- (က) ရွှေတိဂုံသမိုင်း (ဒေါ်ကြည်အောင်)
- (ခ) စိတြဂီဝါ (ဒေါ်ကြည်အောင်)
- (ဂ) မြတ်ရွှေတိဂုံ (ပြည်ဘရှင်)
- (ဃ) အောင်ခြင်းရှစ်ပါး (မေရှင်)
- (င) ခေမ္မစကြာ (ဒေါ်ကြည်အောင်)

၅။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)

- (က) ဇြဟ္မစိုရ် (ကိုထွန်းရွှေ)
- (ခ) သတ္တဋ္ဌာန (မသိန်းဟံ)
- (ဂ) ဂုဏ်တော်ကိုးသွယ် (ကိုထွန်းရွှေ)
- (ဃ) ဂုဏ်တော်ဖွင့် (ပြည်လှဖေ)

၆။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)

- (က) သာသနာ့အမွေခံ (ဒေါ်ကြည်အောင်)
- (ခ) ယောကျ်ားဆုပန် (လေဘာတီမြရင်)
- (ဂ) လမြတ်ဝါဆို (ခင်ခင်ညွန့်)
- (ဃ) အစိန္တေယျ (ငွေးငွေးမြင့်)

၇။ အခြေခံပညာ (၁၅-၂၀)နှစ် (အမျိုးသား)

- (က) ဖြူနီညိုပြာ (ကိုတင်အောင်သန်း)
- (ခ) ဇြဟ္မစိုရ် (ကိုမြသောင်း)
- (ဂ) မဟာဒုက် (ဥသြဘသောင်)
- (ဃ) မြတ်ဒေသနာ (သထုံဘသိန်း)

၈။ အခြေခံပညာ (၁၅-၂၀)နှစ် (အမျိုးသမီး)

- (က) ဇေယျာရွှေမြေ (ငွေးငွေးမြင့်)
- (ခ) ဒါနပါရမီ (တင်တင်မြ)
- (ဂ) ဗုဒ္ဓရောင်ခြည် (တင်တင်မြ)
- (ဃ) တေမိယ (မေရှင်)

၉။ အခြေခံပညာ (၁၀-၁၅)နှစ် (အမျိုးသား)

- (က) သုံးပါးရတနာ (တင်တင်မြ)
- (ခ) ဆုတောင်းပတ္ထနာ (ကိုညွန့်လွင်)
- (ဂ) မြတ်ရွှေတိဂုံ (ကိုမင်းနောင်)
- (ဃ) ငါးပါးပဥ္စသီ (ကိုမြသောင်း)

၁၀။ အခြေခံပညာ(၁၀-၁၅)နှစ်(အမျိုးသမီး)

- (က) ငါးဖြာအနန္တ (တင်တင်မြ)
- (ခ) ကိုးဂုဏ်ရှင်မြတ်ဘုရား (မေဆွိ)
- (ဂ) တေဇသုနေမ (ဒေါ်ကြည်အောင်)
- (ဃ) မိဂဒါဝုန် (ယဉ်ယဉ်အောင်)

၁၁။ အခြေခံပညာ (၅-၁၀)နှစ် (အမျိုးသား)

- (က) လူ (မောင်မောင်ကြီး)
- (ခ) စိတ်ထားလေးကောင်းရင်ဖြင့် (ထားထားဦး)
- (ဂ) မဟာဇနက (ဒေါ်ရင်ရင်)
- (ဃ) ရွှေတိဂုံကိုမြင်ရင် (ကေတုဝင်းထွဋ်)

၁၂။ အခြေခံပညာ (၅-၁၀)နှစ် (အမျိုးသမီး)

- (က) ဂေါတမမြတ်ဘုရားဂုဏ် (တင်တင်မြ)
- (ခ) သုံးလူ့ရှင်ပင် (မေချစ်)
- (ဂ) မေတ္တာသံဝေ (လှလှရီ)
- (ဃ) သမ္ဗုဒ္ဓေစေတီတော် (ရီရီချို)

ကာလပေါ်တေး/ခေတ်ဟောင်းတေး

၁။ ပညာရှင်အဆင့် (အမျိုးသား)

- (က) မင်္ဂလာတော် (ဥသြဘသောင်)
- (ခ) ရွှေသဇင် (ဂီတလုလင်ဦးကိုကို)
- (ဂ) မြဘယက် (ဥသြဘသောင်)
- (ဃ) ဆင်ကြီးဂဠုန်ချီ (ပျော်တော်ဆက်မတင်အောင်)
- (င) ကွန်းထောက်ဆောင် (မောင်မောင်ညွန့်)
- (စ) စွဲမက်တဲ့အာရုံ (ဥသြဘသောင်)
- (ဆ) သိန်းထီဆုကြီး (နန်းတော်ရှေ့ဆရာတင်)
- (ဇ) ပန်းစုံတဲ့တော (ခင်မောင်ရင်)
- (ဈ) ရပ်ကြီးသူ (ဦးသိန်းကြွယ်)
- (ည) မာန် (ဂီတလုလင်ဦးကိုကို)

၂။ ပညာရှင်အဆင့်(အမျိုးသမီး)

- (က) ဆယ့်နှစ်လရာသီ (မေမေဝင်း)
- (ခ) လမြတ်ကဆုန် (ရီရီသန့်)
- (ဂ) စည်တော်ကြီး (ဦးဘခိုင်)
- (ဃ) မြိုင် (မြခြေချင်းငွေမြိုင်)
- (င) ပျံ့သန်းရမည့်နေ့ (စိန်စိန်မြိုင်)
- (စ) သုံးရွှေ့လယ် (ဒေါ်ကြည်အောင်)
- (ဆ) တောင်သူပျို (ဒေါ်ကြည်အောင်)
- (ဇ) လယ်တောသူ (စိန်ပါတီ)
- (ဈ) ပျူစောထီး (ဒေါ်ကြည်အောင်)
- (ည) နွေဦးတေးသံ (မေလှမြိုင်)

၃။ ဝါသနာရှင်အဆင့် (အမျိုးသား)

- (က) ချစ်ရတုထံတျာ (ကိုလေးမြင့်)
- (ခ) ခေတ်ဆန်းချိန် (ရွှေညာမောင်)
- (ဂ) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)
- (ဃ) ထပ်တရာလမ်း (ဝင်းဦး)
- (င) စိမ်းမြလှုံခြယ်အောင်ပင်လယ် (ကိုအံ့ကြီး)

၄။ ဝါသနာရှင်အဆင့် (အမျိုးသမီး)

- (က) အာရောဂျံ (ဒေါ်ကြည်အောင်)
- (ခ) ပိတောက်ရွှေဝါ (လေဘာတီမြရင်)
- (ဂ) စိမ်းရောင်စို (လေဘာတီမြရင်)
- (ဃ) ပြိုင်ပွဲကြီး (ထား)
- (င) ကထိန်သင်္ကန်း (ဒေါ်စိန်ပါတီ)

၅။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)

- (က) ကျေးရွာဝါဒ (ကိုအံ့ကြီး)
- (ခ) ရွှေမင်းဂံ (ကိုအံ့ကြီး)
- (ဂ) တို့တောရွာ (ဥသြဘသောင်)
- (ဃ) သုခုမ (စောင်းဦးဘသန်း)

၆။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)

- (က) မေတ္တာဟူသည် (ထား)
- (ခ) သီတာရေစင် (ဝင်းဝင်းမြတ်)
- (ဂ) ရွှေစက်တော် (ရတနာမြင့်)
- (ဃ) သမာဓိ (မအေးမိ)

၇။ အခြေခံပညာ (၁၅-၂၀)နှစ် (အမျိုးသား)

- (က) ပင်ချင်းယှက်၍နွယ်ချင်းခက်သော် (တင်တင်မြ)
- (ခ) ကောက်ရိတ်ချိန် (မောင်ပွကြီး)
- (ဂ) လူချွန်လူကောင်း (ကိုအံ့ကြီး)
- (ဃ) မြန်မာ့ထောပတ် (မြသက်မူ)

၈။ အခြေခံပညာ (၁၅-၂၀)နှစ် (အမျိုးသမီး)

- (က) ရွှေဘိုသနပ်ခါး (မန္တလာမြင့်)
- (ခ) မြစ်ကြီးဧရာဝတီ (မြင့်မြင့်ခင်)
- (ဂ) တောသူ့လုပ်ငန်း (သန်းသန်းမေ)
- (ဃ) ပွဲကြိုက်မောင် (ဒေါ်ကြည်အောင်)

၉။ အခြေခံပညာ (၁၀-၁၅)နှစ် (အမျိုးသား)

- (က) မြန်မာ့ဂီတ (ခင်မာညို)
- (ခ) အမေ့ပါးကသနပ်ခါး (တွံတေးသိန်းတန်)
- (ဂ) တောခလေ့ရွာသာယာ (တင်အောင်လေး)
- (ဃ) လုလင်ငယ်သွေး (ကိုမင်းနောင်)

၁၀။ အခြေခံပညာ (၁၀-၁၅)နှစ် (အမျိုးသမီး)

- (က) ဖိုးသာအောင် (မေသစ်)
- (ခ) ဆံရစ်ဝိုင်း (ကြည်ကြည်ဝင်း)
- (ဂ) မြန်မာ့ဂီတလှပဝေဆာ (သင်းသင်းမြတ်)
- (ဃ) ကာယပညာတန်ဆောင် (ပန်တျာတင်တင်မြင့်)

၁၁။ အခြေခံပညာ (၅-၁၀)နှစ် (အမျိုးသား)

- (က) အမျိုးသားဂီတ (တင်တင်မြ)
- (ခ) ကျွန်တော့်ရည်မှန်းချက် (ခင်မောင်ချို)
- (ဂ) အညာတစ်ခေါက် (ထွန်းထွန်းလေး)
- (ဃ) မမေ့သောအညာ (သန်းထွန်းလေး)

၁၂။ အခြေခံပညာ (၅-၁၀)နှစ် (အမျိုးသမီး)

- (က) ကြည်ကြည်လင်လင် (သန်းသန်းမေ)
- (ခ) မယ်ရွှေးလို့ဆင်ပါ့မယ် (ထား)
- (ဂ) ရွှေမိ (ဒဂုံခင်)
- (ဃ) လက်ပံပွင့်ကောက်အရောက်လာမယ်(အေးအေးသွယ်နှင့်အဖွဲ့)

(ဆက်လက်ဖော်ပြပါမည်)

ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။

(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး။

(ဃ) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။

(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။

(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

လုပ်ငန်းဆိုင်ရာ မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်ဦးလွင်မြို့နယ် အနီးစခန်း လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းတွင် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။ (သတင်းစဉ်)

တည်ဆောက်ရေးလုပ်ငန်းတိုင်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင်တည်ဆောက် မကုန်ကျသင့်သည်များ မကုန်ကျအောင်၊ လေလွင့်ဆုံးရှုံးမှုမရှိအောင် တာဝန်ရှိသူများကကြပ်မတ်

❀ ကျောဖုံးမှ

သမိုင်းအကျဉ်း၊ နိုင်ငံတကာ ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သည့် ခေတ်မီ ကွန်ကရစ်ခင်း လေယာဉ်ပြေးလမ်းအဖြစ် တည်ဆောက်သွားမည့် အစီအစဉ်များ၊ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းက အနီးစခန်း လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၏ အကြို အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ယနေ့အထိ လုပ်ငန်းပြီးစီးမှု အခြေအနေများ၊ စည်သာချောင်းနှင့် ဆင်ခေါင်းကြီးချောင်းတို့ကို စီမံကိန်းဧရိယာနှင့် ကင်းလွတ်စေရန် ချောင်းလွှဲများ ပြုလုပ်ခြင်းလုပ်ငန်းများ၊ စီမံကိန်းတွင် အသုံးပြုလျက်ရှိသည့် စက်ယန္တရား အခြေအနေများ၊ ခွဲကျောက်၊ သဲ၊ စက်သုံးဆီ စသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက အနီးစခန်းလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း ပြီးစီးပါက အသုံးပြုနိုင်မည့် လေယာဉ်အမျိုးအစားအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရည်မှန်းချက်ထားတည်ဆောက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက အနီးစခန်း လေယာဉ်ကွင်းကို နိုင်ငံတကာ လေယာဉ်များ အသုံးပြုနိုင်မည့် လေယာဉ်ပြေးလမ်းနှင့် အဆင့်မီ လေယာဉ်ကွင်းကြီးအဖြစ် ရည်မှန်းချက်ထား တည်ဆောက်သွားကြရန် ဖြစ်ကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းတိုင်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် စနစ်တကျ တည်ဆောက်သွားရမှာဖြစ်ကြောင်း၊ နောင်တည်ဆောက်သွားမည့် လေယာဉ်ကွင်းများအတွက် အရည်အသွေးအရ၊ ကုန်ကျစရိတ်အရ "စံ"ထားနိုင်သည့် လေယာဉ်ကွင်းကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်ပြီး မှတ်တမ်းမှတ်ရာများကို လုပ်ငန်းအဆင့်လိုက် ထားရှိသွားရန်လိုကြောင်း၊ ငွေကြေးသုံးစွဲမှု၊ တည်ဆောက်ရေးပစ္စည်းများ သုံးစွဲမှုတို့ကိုလည်း မကုန်ကျသင့်သည်များ ကုန်ကျခြင်းမရှိစေရအောင်၊ လေလွင့်ဆုံးရှုံးမှုမရှိရအောင် တာဝန်ရှိသူများက အမြဲမပြတ် ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ဖြင့် မှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

မိုက္ကရိုဝေ့(ဗ်)စခန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အဆိုပါ ရှင်းလင်းဆောင်ရွက်ပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြင်ဦးလွင်မြို့နယ် ပွေးတောင် မိုက္ကရိုဝေ့ဗ်စခန်း ပြောင်းရွှေ့တည်ဆောက်ရန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပြင်ဦးလွင်မြို့နယ် အနီးစခန်း လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အနီးစခန်းလေယာဉ်ကွင်း

ပြင်ဦးလွင်မြို့နယ် အနီးစခန်း လေယာဉ်ကွင်း တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ခေတ်မီ လေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်

- ❖ အနီးစခန်း လေယာဉ်ကွင်းဟောင်းကို နိုင်ငံတော် အကြီး အကဲ၏ လမ်းညွှန်မှုနှင့်အညီ ဘိုးရင်းအမျိုးအစား ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သည့် ခေတ်မီ လေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်နေခြင်းဖြစ်။
- ❖ စီမံကိန်းအရ လေယာဉ်ပြေးလမ်းကို အလျားပေ ၁၀၀၀၀ အကျယ်ပေ ၂၀၀ ရှိ ကွန်ကရစ်ခင်း လေယာဉ်ပြေးလမ်း အဖြစ် တည်ဆောက်သွားမည်။

လုပ်ငန်းဆိုင်ရာ မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်ဦးလွင်မြို့နယ် အနီးစခန်း လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းတွင် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။ (သတင်းစဉ်)

မဂ္ဂါဝပ်(၇၉၀) ထုတ်ယူရရှိမည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း

* ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းကို မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ မြစ်ငယ်မြစ် (ဒုဋ္ဌဝတီမြစ်)ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေ။
* စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်(၇၉၀)ထုတ်ယူရရှိမည်။
* ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၃၁ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းတွင် စီမံကိန်းဧရိယာမှ စမ်းသပ်တူးဖော်ထားသည့် ကျောက်နှင့် မြေသားနမူနာများ၊ သဘာဝ ပိုဇိုလန်နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

...များနှင့်ကိုက်ညီအောင်တည်ဆောက် ...ရှိအောင် တာဝန်ရှိသူများကကြပ်မတ်

မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

မိုက္ကရိုဝေ့(ဗ်)စခန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား အဆိုပါ ရှင်းလင်းဆောင်၌ပင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြင်ဦးလွင်မြို့နယ် ပွေးတောင် မိုက္ကရိုဝေ့ဗ်စခန်း ပြောင်းရွှေ့တည်ဆောက်ရန် စီစဉ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် အနီးစခန်း လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပြီးစီးမှု အခြေအနေများ၊ ခွဲကျောက်နှင့် သဲစုဆောင်းထားမှုများ၊ စက်ယန္တရားကြီးများ အသုံးပြုနေမှု အခြေအနေများကို အသေးစိတ် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

အနီးစခန်း လေယာဉ်ကွင်းဟောင်းကို ဒုတိယကမ္ဘာစစ်မတိုင်မီက ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လေယာဉ်ကွင်း၏ ပြေးလမ်း အလျားမှာ ပေ ၄၄၅၀ ၊ အကျယ်မှာ ပေ ၂၀၀ရှိသည့် မြေရောကျောက်စရစ်ခင်း ပြေးလမ်းအမျိုးအစားဖြစ်သည်။

ခေတ်မီလေယာဉ်ကွင်း

ယင်း လေယာဉ်ကွင်းဟောင်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဘိုးရင်းအမျိုးအစား ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သည့် ခေတ်မီ လေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်နေခြင်းဖြစ်သည်။

အနီးစခန်း လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းအရ လေယာဉ်ပြေးလမ်းကို အလျားပေ ၁၀၀၀၀၊ အကျယ်ပေ ၂၀၀ ရှိ ကွန်ကရစ်ခင်း လေယာဉ်ပြေးလမ်းအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

ရဲရွာရေအားလျှပ်စစ်

ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီခွဲတွင် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးဝင်းကြည်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ အမှတ်(၁) ရေလွှဲဥမင်လိုဏ်၊ အမှတ်(၂) ရေလွှဲ ဥမင်လိုဏ် တိုးလျှိုပေါက်ဖောက်လုပ်ပြီးစီးခဲ့မှု၊ ရေလွှဲဥမင်လိုဏ်နှစ်ခု၏ အချောသပ် လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများ၊ ရေကာကွန်ကရစ်နံရံ အပိုင်း(၁)နှင့် အပိုင်း(၂) တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများ၊ ပင်မကွန်ကရစ် တမံ တည်ဆောက်ခြင်းလုပ်ငန်းတွင် ဘိလပ်မြေနှင့် ရောစပ်အသုံးပြုမည့် သဘာဝ ပိုဇိုလန် ထုတ်လုပ်ရန် စီစဉ်ထားမှုများ၊ သဘာဝ ပိုဇိုလန်စက်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ Power Intake တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က စီမံကိန်းသို့ နေ့စဉ် ဘိလပ်မြေ သယ်ယူနိုင်ရန် ကျောက်ဆည်မြို့နယ် ဆင်မင်း ဘိလပ်မြေစက်ရုံနှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ဆက်သွယ်သည့် ကားလမ်း ဖောက်လုပ်နေမှုများ၊ စီမံကိန်းဧရိယာအတွင်းတန် ၆၀ ခံနိုင်ဝန်အားရှိသည့် ဒုဋ္ဌဝတီတံတား (ရဲရွာ)တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ ရွှေစာရံ၊ ဘယ်လင်းတို့ရှိ ဓာတ်အားခွဲရုံများ အကွာအဝေးနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအတွက် ဓာတ်အားလိုင်း တည်ဆောက်သွားမည့် အစီအစဉ်များ၊ စီမံကိန်းပြီးစီးပါက တွေ့မြင်ရမည့် အခြေအနေများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တို့က စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းတည်ဆောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ညီညွတ်ကိုက်ညီသည့် စံချိန်မီသော စီမံကိန်းကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်ရန်နှင့် ငွေကြေး၊ ပစ္စည်းများသုံးစွဲရာတွင် စနစ်တကျ ဖြစ်အောင် ကြပ်မတ်စီမံရန်မှာကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း

ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပြင်ဦးလွင်မြို့နယ် အနီးစခန်း လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ခေတ်မီ လေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်

❖ အနီးစခန်း လေယာဉ်ကွင်းဟောင်းကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဘိုးရင်းအမျိုးအစား ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သည့် ခေတ်မီ လေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်နေခြင်းဖြစ်။

❖ စီမံကိန်းအရ လေယာဉ်ပြေးလမ်းကို အလျားပေ ၁၀၀၀၀၊ အကျယ်ပေ ၂၀၀ ရှိ ကွန်ကရစ်ခင်း လေယာဉ်ပြေးလမ်း အဖြစ် တည်ဆောက်သွားမည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ရေကာကွန်ကရစ်နံရံ တည်ဆောက်ပြီးစီးမှု ကြည့်ရှု

▲ စာမျက်နှာ ၉ မှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် Colenco Power Engineering Co., Ltd. မှ စီမံကိန်းဒါရိုက်တာ Mr. P. Fischer အား အမှတ်တရ သစ်သီးခြင်းကို လက်ဆောင်ပေးအပ်ပြီး ကုမ္ပဏီမှ တာဝန်ရှိ အဖွဲ့ဝင်များအားလည်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဇရိယာမှ စမ်းသပ်တူးဖော်ထားသည့် ကျောက်နှင့် မြေသားနမူနာများကိုလည်းကောင်း၊ သဘာဝပိုဇိုလန် နမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရေကာကွန်ကရစ်နံရံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဓာတ်အားပေးစက်ရုံကြီး တည်ဆောက်ရန်အတွက် ရေကာကွန်ကရစ်နံရံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပင်မတမံ တည်ဆောက်မည့်နေရာနှင့် ဆက်စပ်ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ စုဆောင်းထားရှိမှုများကိုလည်းကောင်း၊ ဒုဋ္ဌဝတီတံတား(ရဲရွာ) တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) ရေလွှဲဥမင်လိုဏ်နှင့် ဆက်သွယ်မည့် ချဉ်းကပ်ဥမင်လိုဏ် ဖောက်လုပ်ခြင်း လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ချဉ်းကပ်ဥမင်လိုဏ်အနီးရှိ ရှုရပ်မှ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်း ကြည့်ရှုကြသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည်အမှတ်(၂)ရေလွှဲဥမင်လိုဏ်ကိုလည်း မော်တော်ယာဉ်များဖြင့်ဝင်ရောက်ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။

မဂ္ဂါဝပ် ၇၉၀

ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ် (ဒုဋ္ဌဝတီမြစ်) ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည်ဖြစ်သည်။ ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၃၁ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် Colenco Power Engineering Co., Ltd. **မှ စီမံကိန်းဒါရိုက်တာ** Mr. P. Fischer **အား အမှတ်တရ သစ်သီးခြင်းလက်ဆောင်ပေးအပ်စဉ်။**
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

လုပ်ငန်းဆိုင်ရာ မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ **မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း (တတိယဆယ်စုနှစ်)(အပိုင်း-၂)**

၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး

၈:၁၀ ၆။ "မနီ ပြုံးနိုင်ပြီ"

၈:၃၀ ၇။ International News.

၈:၄၅ ၈။ Learning English the Easy and Happy way for Children and Beginners.

၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (သင်္ချာ)

၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၃၀ ၇။ ၂၀၀၄ခုနှစ်၊ ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်မဟာဂီတ (ဝါသနာရှင်အဆင့်) (အမျိုးသား၊အမျိုးသမီး)

၅:၄၅ ၈။ မြန်မာစာ၊မြန်မာစကား

၅:၅၅ ၉။ သီချင်းကြီးပဒေသာ

၆:၁၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်

၆:၂၀ ၁၁။ Discovery

၆:၃၀ ၁၂။ ညနေခင်းသတင်း

၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ

၇:၂၀ ၁၅။ တေးဂီတအစီအစဉ်

၇:၃၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **ကောဒသမ အကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ မဟာဓနုက္ကဓာတ်တော်ကြီး (ရုပ်သေးပြိုင်ပွဲ) (ပထမဆု) (ရန်ကုန်တိုင်း)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

နယ်စပ်/ စည်ပင်ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် လုပ်ငန်းများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းနှင့် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၅ရက်တွင် ဘားအံမြို့နယ် ဘုရားကုန်းစံပြကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲသို့ရောက်ရှိရာ ဦးဖဒိုအောင်ဆန်း၊ ဘုရားကုန်း စံပြကျေးရွာ အလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဘလူးမေနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်တို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဘလူးမေအား လည်းကောင်း၊ တာဝန်ရှိသူများက ဆရာမများအား လည်းကောင်း အသီးသီး လက်ဆောင်ပေးအပ်သည်။

ထို့နောက်ဝန်ကြီးက ဘုရားကုန်းစံပြကျေးရွာမှ ဦးဖဒိုအောင်ဆန်းသို့ အမှတ်တရ လက်ဆောင်ခြင်းများနှင့် အဝတ်အထည်များ လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် မုဒုံမြို့နယ် ကမာဝက်ကျေးရွာသို့ သွားရောက်၍ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ကမာဝက်)အသစ် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မုဒုံမြို့ သောက်သုံးရေရရှိရေးအတွက် အဇင်းရေလှောင်တမံမှ ရေပေးဝေရေးလုပ်ငန်း၊ ရေတွန်းစက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဆည်ရေဝင်ကန်၊ သဲရေစစ်ကန်များနှင့် ရေကြည်လှောင်ကန်များနှင့် မုဒုံမြို့တွင်းလမ်းများ ပြုပြင်မှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စက်တင်ဘာ ၆ရက်တွင် ဝန်ကြီးသည် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးဝေရေး ဆောင်ရွက်နေသည့် ရွှေနတ်တောင် ရေပေးရေးစီမံကိန်း၊ ရေစုကန်နှင့် ရေတွန်းစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဇဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်ကော်မြို့ အထက(၁) ပညာရည်မြင့်မားမှု အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ၆ရက်တွင် လှိုင်ကော်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပညာရည်မြင့်မားမှု အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲသို့ တက်ရောက်၍အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ခေတ္တကျောင်းအုပ်ကြီး ဦးစိန်အောင်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးမော်မော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က စက်ခလုတ်နှိပ်၍ အထိမ်းအမှတ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က ကွန်ပျူတာနှစ်စုံကို ပေးအပ်လှူဒါန်းရာ ခေတ္တကျောင်းအုပ်ဆရာကြီး ဦးစိန်အောင်က လက်ခံသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ကွန်ပျူတာနှစ်စုံကို ပေးအပ်လှူဒါန်းစဉ်။ (သစ်တော)

ဒဂုံမြို့နယ် ယောမင်းကြီးလမ်း အမှတ်(၅၆)နေ (ဦးရန်စီကွမ်း)၊ဇနီး ဒေါ်ကျင်လု၊ (သား)မောင်သီဟ(ခ)အငူ မိသားစု(တာ့ချင်းကျောက်မျက်ရတနာ) က အထွေထွေပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဩဂုတ် ၂၇ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ရှင်းလင်းဟောပြော

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကျောက်တံတားမြို့နယ် အမှတ်(၅၀)ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အမျိုးသမီးရေးရာအဖွဲ့ နာယက ဦးဆောင် ညွှန်ကြားရေးမှူး၏ ဇနီး ဒေါ်ကြည်ကြည်ညွန့်၊ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်နှင့် ဇနီး ဒေါ်သောမာရွှေ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ ဌာနခွဲအသီးသီးရှိ ဌာနခွဲမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အမျိုးသမီးရေးရာအသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒုတိယအထွေထွေမန်နေဂျာ(ဘဏ္ဍာရေး) ဒေါ်စန္ဒာညွန့်ဝေက ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* **မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။**
* **သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပို၍ရှည်စေသည်။**
* **ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။**
* **သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့်လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထောက်အကူပြုသည်။**
* **အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။**

စက်တင်ဘာ ၄ရက်က ကျင်းပသော အထက(၁)သဃ်န်းကျွန်း၏ ၂၀၀၃-၂၀၀၄ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးသိန်းက ငါးဘာသာဂုဏ်ထူးရှင် မဆုညွှန့်လွင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၅၀၆)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၄ခုနှစ် စက်တင်ဘာ ၇ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၇၃၆၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ ရသ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

မိုးရာသီဘောလုံးပြိုင်

အထက(၂) ပုဇွန်တောင်မြို့နယ်၏ မိုးရာသီကျောင်းကောင်စီ (ဝါ၊ စိမ်း၊ နီ၊ ပြာ၊ လိမ္မော်) ဒိုင်း ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၄ရက်က သန်လျက်စွန်းရေတပ် လေ့ကျင့်ရေးကွင်းတွင်ကျင်းပရာ အနိုင်ရရှိသည့် အဝါအသင်းကို အသင်းတာဝန်ခံ ဆရာမ ဒေါ်သန်းသန်းညွန့်နှင့် အတူတွေ့ရစဉ်။

(က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေအလှူတော်ငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၇

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းကိုးကျောင်းနှင့် သီလရှင်ကျောင်းနှစ်ကျောင်းတို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မဟာဗောဓိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မိကာရာမ ကျိုက်ပိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဂုဏေသနအမှူးပြုသော ရန်ကင်းမြို့နယ် ပရိယတ္တိစာသင်တိုက်များမှ ဆရာတော် သံဃာတော်များ၊ သီလရှင်စာသင်တိုက်များမှ သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ငွေသိန်း၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှစ်ပါးသီလဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မိကာရာမ ကျိုက်ပိ စာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဂုဏေသန အရှင်သူမြတ်ထံမှ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် တပ်မတော်အရာရှိကြီးများ၊ ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

လှူဒါန်း

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဥက်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်တို့က ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘုန်းတော်ကြီးကျောင်းကိုးကျောင်းနှင့် သီလရှင်ကျောင်း နှစ်ကျောင်းတို့သို့ စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ်တစ်သိန်းတစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သုံးသောင်းသုံးထောင်၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ ဦးအောင်မြတ် (Mother Trading Co., Ltd) က ငွေကျပ်သုံးသိန်း၊ Naing Group ဆောက်လုပ်ရေးနှင့် ချယ်ရီဦး နာရီအရောင်းဆိုင် ဦးကျော်နိုင်ဦးက ငွေကျပ်သုံးသိန်း၊ သမားတော်ကြီး ဦးဘိုကြီး–သီရိသုဓမ္မသီဂိ ဒေါ်သန်းသန်းက ငွေကျပ်နှစ်သိန်း၊ ဦးရွှေလှိုင်+ဒေါ်ခင်ကျော့မိသားစု "ရွှေ" ကားပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းက ငွေကျပ် ၂၈ သိန်း၊ ဒေါ်မြကြည်၊ သမီး မခိုင်ကြည်စန်း တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ်က ငွေကျပ် ၂၅ သိန်း၊ ဒေါ်မကြီးမိသားစု အမှတ်(၅၀/င) နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ်က ငွေကျပ်သိန်း ၂၀၊ ရွှေတိဂုံ ရေကြည်တော်ဝတ်အသင်း ဥက္ကဋ္ဌ ဦးတင်လတ်က ငွေကျပ်သိန်း ၂၀၊ ဦးရဲမြင့်–ဒေါ်အေးပို မိသားစု ဘောက်ထော် ရန်ကင်းက ငွေကျပ် ၁၀ သိန်း၊ သမ္မတသက်န်းတိုက် ဦးသန်းနိုင်–ဒေါ်ကြည်ကြည်ဆွေက ငွေကျပ် တစ်သိန်းနှစ်သောင်း၊ စန္ဒီပရဆေး မိသားစုက ငွေကျပ် ၆၀၊ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေး ဦးတင်အောင်– ဒေါ်လှလှနွယ်က ငွေကျပ်တစ်သိန်း ရှစ်ထောင်၊ BTB ကုမ္ပဏီမှ ဦးသိုင်းဝင်း–ဒေါ်ငွေငွေညွန့်က ငွေကျပ် တစ်သိန်း ငါးသောင်း၊ ဦးသုတ–ဒေါ်ဝါဝါအောင် မိသားစု အမှတ် (၃၅) ခေမာသီလမ်း မိကျောင်းကန် အပိုင်း(၃) သဃ်န်းကျွန်းမြို့နယ်က ငွေကျပ်ငါးသိန်း၊ စက်မှု(၁) ဝန်ကြီးဌာနက ငွေကျပ် ၆၇၁၂၇၀၊ ဦးခင်မောင်လွင်–ဒေါ်မြင့်မြင့်မိုး တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်မြို့နယ်က ငွေကျပ်သုံးသိန်း၊ ဒေါက်တာဝင်းတင်–ဒေါက်တာခင်ပြုံးညွန့် စံပယ်ရုံလမ်း ပါရမီရိပ်သာက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဦးဝင်းမြင့်က ငွေကျပ်နှစ်သိန်း၊ ဒေါ်လှတင် မိသားစု ဗိုလ်တထောင်မြို့နယ်က ငွေကျပ်တစ်သိန်း ငါးသောင်း၊ ဦးခင်မောင်စိန်–ဒေါ်ခင်ခင်စီ မိသားစု (၁၃) ရပ်ကွက် ရန်ကင်းမြို့နယ်က ငွေကျပ် တစ်သိန်း နှစ်သောင်း၊ ဦးခင်မောင်ဝင်း–ဒေါ်သီတာထွန်း မိသားစု မရမ်းကုန်းမြို့နယ်၊ ဦးမောင်မောင်သော်–ဒေါ်အေးအေးမြင့် မိသားစု မိုးကောင်းဘုရားလမ်း၊ ဦးမြင့်ဝေ–ဒေါ်နုနုကြည် ဘုရင့်နောင်၊ ဦးကိုကိုဦး–ဒေါ်သီတာအေး ကျောက်မြောင်း၊ ဦးကျော်ဝင်း–ဒေါ်ခင်လေးကြည် မိသားစု အလုံမြို့နယ်၊ ဒေါ်ရီရီသန်း ဘောက်ထော် ရန်ကင်းမြို့နယ်၊ (ဦးခင်ကြည်)–ဒေါ်ပြုံး (ခင်ကြည်ဖန်ချက်စက်)၊ဒေါ်လေးလေး မိသားစု တောင်ဥက္ကလာပမြို့နယ်၊ ဦးမောင်မောင်စန်း–ဒေါ်နီလာလှမြင့်လတ် တောင်ဥက္ကလာပမြို့နယ်၊ ဦးစိုးသိန်း–ဒေါ်ပြုံးပြုံးရီ ၊ သမီး ယဉ်မေအေး မိသားစု ရန်ကင်းမြို့နယ်၊ ဦးတင်ဆန်း (ACE) ဆောက်လုပ်ရေး၊ ဒေါက်တာဝင်းဇော် Lizstar Enterprise Co., Ltd ၊ ဒေါက်တာမိုးတင်၊ ဦးကိုကိုလတ် – ဒေါ်တင်တင်မေ (ကြည်သာရွှေဆိုင်)၊ ဦးခင်ဇော် (ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးစိန်လှဝင်း (သီရိသုဓမ္မမဏိဇောတရေ) စိန်နှင့် စန်းကုမ္ပဏီနှင့် မှန်ချိုဆေးတိုက်တို့က ငွေကျပ် တစ်သိန်းစီ၊ ဂရိတ်ဝေါ အကြောဖြေလိမ်းဆေးက ငွေကျပ် တစ်သိန်း ငါးသောင်း၊ ဆန်းမြန်မာကုမ္ပဏီ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်က ငွေကျပ်ရှစ်သောင်း၊ ချမ်းမြေ့စတိုး မြောက်ဥက္ကလာပက ငွေကျပ် ငါးသောင်းလေးထောင်၊ ဦးပြေအောင်–ဒေါ်ယုယုလွင် (ပြေအောင်ဆောက်လုပ်ရေးလုပ်ငန်း)၊ ဦးအောင်ခင်+ ဒေါ်စိန်စိန် (အောင်သံဆန်ခါ)၊ ဦးအောင်ငွေ (အီးစီးစားသောက်ဆိုင်)၊ သမားတော်ကြီး ဦးရွှေမြား၊ ဦးအောင်မြင့် လူပျိုတော်ပတ္တမြား၊ ဒေါ်လှလှ လမ်းမတော်၊ ထက်လင်းဆေးတိုက်နှင့် ထွန်းရွှေဝါဆေးတိုက်တို့က ငွေကျပ်ရှစ်သောင်း၊ ဦးအောင်ဇော်မြင့်– ဒေါ်ကြင်ကြင်တို့ မိသားစုက ငွေကျပ် တစ်သောင်း၊ ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် တစ်သောင်းငါးထောင်၊ ဦးအောင်သီဟ ရတနာဒီပ အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုလီမိတက်က ငွေကျပ် တစ်သောင်း၊ ဦးရန်ရှင်း–ဒေါ်မြသိန်း ဦးဝိစာရအိမ်ရာက ငွေကျပ်သုံးသောင်းနှင့် ကျန်အလှူရှင်များ၏ လှူဒါန်းငွေများ အပါအဝင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၁၉၂၂၁၉၆၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ စစ်ဦးစီး အရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဥက်ထွန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ငွေသိန်း၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းကိုးကျောင်းနှင့် သီလရှင်ကျောင်းနှစ်ကျောင်းတို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းခဲ့ကြသော လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၄၁၂ အိတ်၊ ဆီ ၁၄၈ ပိဿာနှင့် ၆၀ ကျပ်သား၊ ပဲ ၂၈၇ အိတ်နှင့် နှစ်ပိဿာ၊ အိုင်အိုဒင်းဆား ၁၄၃၆ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၆၀၁၄ ဘူး၊ သွားတိုက်ဆား ၂၈၇ ဘူး၊ ပဒုမ္မာဆပ်ပြာတောင့် ၂၈၇၂ တောင့်နှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေ ကျပ် ၁၉၂၂၁၉၆၀ ဖြစ်သည်။

အနောက်ပိုင်းခရိုင်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ ကျောင်းသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃ နာရီခွဲတွင် သရက်တော ကျောင်းတိုက်အတွင်းရှိ ပရိယတ္တိ အလယ်တိုက်ကျောင်း၌ ကျင်းပသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး လမ်းမတော် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတ ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ် (ရေ)ဗိုလ်မှူးကြီးဥက်ထွန်းနှင့်ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီး ချန်မောင်တို့က တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန မိသားစု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာ ဆားနှင့်အဏ္ဏဝါဓာတုဗေဒလုပ်ငန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန မိသားစု၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်၊ အိုကေဆန်၊ ဆီ ရောင်းဝယ်ရေး (ဦးသိန်းမောင်)–ဒေါ်ပါပါ၊ စန္ဒီပရဆေး မိသားစု၊ ဦးဝင်းသိန်း– ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး၊ဦးရွှေမြတိုင်းရင်းဆေးတိုက်၊(ဦးအောင်မြင့်)–ဒေါ်ဖြူသီ လူပျိုတော်ပတ္တမြားဆေးတိုက်၊ ထွန်းရွှေဝါတိုင်းရင်းဆေး မိသားစု၊ ကေသီပန် တိုင်းရင်းဆေး မိသားစု၊ မှန်ချိုတိုင်းရင်းဆေးမိသားစု၊ ထက်လင်းတိုင်းရင်းဆေး မိသားစုနှင့် ဒေါက်တာဖေဘဲ့ဖ် မိသားစုတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် တိုင်းရင်းဆေးမျိုးစုံတို့ကို ဆရာတော် သံဃာတော်များထံဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်းတိုက်များအတွက် တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၊ ရန်ကုန် အနောက်ပိုင်းခရိုင်နှင့် လမ်းမတော် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် တစ်သိန်း၊ ဦးတင်စိန်– ဒေါ်နန်းခမ်းတစ်(ပ်) (မြန်မာယူနီဗာဆယ်ဘဏ်)က ငွေကျပ် ၁၂သိန်း၊ လမ်းမတော်မြို့နယ် ပြည်သူများက ငွေကျပ် ၄၉၄၆၀၀၊ ဦးဝင်းသိန်း(ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး)က ငွေကျပ်သုံးသိန်း၊ မှန်ချိုတိုင်းရင်းဆေးတိုက်နှင့် ဂရိတ်ဝေါတိုင်းရင်းဆေးတိုက်တို့က ငွေကျပ် ၂၅၀၀၀၀၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ ဒေါက်တာစိုင်းစံထွန်း (လွယ်ဟိန်း ကုမ္ပဏီ)က ငွေကျပ် နှစ်သိန်း၊ (ဦးသိန်း မောင်)–ဒေါ်ပါပါ၊ စန္ဒီပရဆေးမိသားစုက ငွေကျပ် ၁၅၀၀၉၀၊ ဦးသိုင်းဝင်း–ဒေါ်ငွေငွေညွန့်(BTB) ကုမ္ပဏီကငွေကျပ် ၁၅၀၀၀၀၊ ပြည်လုံးချမ်းသာဆေးတိုက် သမားတော်ကြီး ဦးဘိုကြီး– ဒေါ်သန်းသန်း မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ သမ္မတသက်န်းတိုက်ပိုင်ရှင် ဦးသန်းနိုင်– ဒေါ်ကြည်ကြည်ဆွေ မိသားစုက ငွေကျပ် ၁၂၀၀၀၀၊ ဝင်းရတနာခရီးသည်ပို့ဆောင်ရေး ဦးတင်အောင်–ဒေါ်လှလှနွယ် မိသားစုက ငွေကျပ် ၁၀၈၀၀၀၊ ဦးချစ်အေးမိသားစု၊ မိခင်ကြီးဒေါ်ခင်ခွဲ့ရီအားအမှူးထား၍ ရွှေပုစွန် မိသားစု၊ ဦးတင်ဦး–ဒေါ်လှမြင့်(ရွှေစင်ရတနာရွှေဆိုင်) မိသားစု၊ Golden Flower ကုမ္ပဏီ၊ Asia World ကုမ္ပဏီနှင့် ဒေါက်တာဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ)တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

လမ်းမတော် မြို့နယ် သရက်တော ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၂၄၃ အိတ်၊ ဆီ ၆၅ ပိဿာ၊ ပဲ ၁၂၉ ပိဿာ၊ အိုင်အိုဒင်းဆား ၆၄ ပိဿာ၊ သွားတိုက်ဆေးဘူး ၁၃၀၊ တိုင်းရင်းဆေးမျိုးစုံ ၄၆၇၆ ဘူးနှင့် ဆွမ်းပဒေသာပင် ငွေကျပ် ၅၀၂၁၀၀၀ တို့ ဖြစ်သည်။ (သတင်းစဉ်)

မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေ၊ ငွေ ဆုတံဆိပ်များဆွတ်ခူး စင်ကာပူတံခွန်စိုက်ပြိုင်ပွဲ၌ မြန်မာအဖွဲ့ ဒုတိယရရှိ

သတင်းဆောင်းပါး –ညီညီစိုးညွန့်၊ ဓာတ်ပုံ –စိုးညွန့်(ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်သည် စင်ကာပူနိုင်ငံတွင် စက်တင်ဘာ ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့သည့် (၆၆)ကြိမ်မြောက် စင်ကာပူတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေ၊ ငွေ ဆုတံဆိပ်များစွာ ဆွတ်ခူးရရှိခဲ့ခြင်းဖြင့် အောင်မြင်မှုကို ရယူခဲ့သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့အနေဖြင့် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် လေးခု ဆွတ်ခူးရရှိကာ နိုင်ငံအလိုက် ဒုတိယနေရာ ရရှိခဲ့ပေသည်။

ယခု စင်ကာပူတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရရှိခဲ့သော အောင်မြင်မှုသည် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်အတွက် ထူးခြားသည့် အောင်မြင်မှုတစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မကြာမီ လအနည်းငယ်အတွင်းကမှ အသစ်ပြန်လည်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်၏ ပထမဦးဆုံး နိုင်ငံတကာပြိုင်ပွဲ၌ အောင်မြင်မှုရရှိခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ အပါအဝင် အမှုဆောင်များသည် မြန်မာပြေးခုန်ပစ် အားကစားအဆင့်အတန်း ပိုမိုတိုးတက်ရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးတို့ကို ရေတို၊ ရေရှည် စီမံကိန်းများရေးဆွဲ၍ စနစ်တကျ ဆောင်ရွက်လျက်ရှိရာတွင် ယခုရလဒ်သည် ရှေ့ပြေးအောင်မြင်မှုပင် ဖြစ်သည်။

(၆၆)ကြိမ်မြောက် စင်ကာပူတံခွန်စိုက် ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ဂျပန်၊ ဗီယက်နမ်၊ မလေးရှား၊ အိမ်ရှင်စင်ကာပူ စသည့်နိုင်ငံများနှင့် ယှဉ်ပြိုင်ကာ အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။ နိုင်ငံပေါင်း ၁၀ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာပြေးခုန်ပစ်အဖွဲ့က ရွှေ ကိုးခု၊ ငွေ လေးခု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို အောင်သီဟက မီတာ ၅၀၀၀

မီတာ ၈၀၀ တွင် တရုတ်နှင့် စင်ကာပူတို့ကိုဖြတ်ကျော်ပြီး ပထမရရှိခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့ဂုဏ်ဆောင် မြင့်မြင့်အေး ပြောကြားစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

တွင် တစ်ခု၊ မီတာ၁၀၀၀၀တွင် တစ်ခု၊ မြင့်မြင့်အေးက မီတာ ၈၀၀တွင် တစ်ခု၊ မီတာ ၁၅၀၀တွင် တစ်ခု၊ ကေခိုင်လွင်က မီတာ ၂၀၀တွင် တစ်ခု၊ မီတာ ၄၀၀တွင် တစ်ခု၊ ဖြူဝါသက်က မီတာ ၅၀၀၀တွင် တစ်ခု၊ ကေခိုင်မျိုးထွန်းက မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် တစ်ခု၊ အမျိုးသမီး မီတာ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ကေခိုင်လွင်၊ ယဉ်ယဉ်ခိုင်၊ မြင့်မြင့်အေးနှင့် လဲ့လဲ့ဝင်းတို့ပါဝင်သည့် မြန်မာအမျိုးသမီးအသင်းက တစ်ခု၊ ငွေတံဆိပ်ဆုများကို လဲ့လဲ့ဝင်းက မီတာ၂၀၀တွင် တစ်ခု၊ မီတာ ၄၀၀တွင် တစ်ခု၊ ဖြူဝါသက်က မီတာ ၁၅၀၀တွင် တစ်ခု၊ ယဉ်ယဉ်ခိုင်က မီတာ၈၀၀တွင် တစ်ခုရပြီး စုစုပေါင်းဆုတံဆိပ် ၁၃ခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့သည် ကစားသမား ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ခုနစ်ဦးစလုံး ရွှေတံဆိပ်များ ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ရွှေဆု၊ ငွေဆုများရယူကာ အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးခဲ့သော မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း (ထူးထရေးဒင်းကုမ္ပဏီလီမိတက်) ဦးဆောင်သည့် အောင်ပွဲရ မြန်မာပြေးခုန်ပစ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၅၇ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ စင်ကာပူနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများနှင့် အမှုဆောင်များ၊အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာပြေးခုန်ပစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ (ထူးထရေးဒင်းကုမ္ပဏီလီမိတက်)နှင့် အမှုဆောင်များ၊ အားကစားသမားများ၊ အား/ကာသိပ္ပ

နောင်ပြိုင်ပွဲများတွင်လည်း ယခုထက် အောင်မြင်မှု ရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ရွှေတစ်ခု၊ ငွေတစ်ခုပိုင်ရှင် ဖြူဝါသက် ပြောကြားစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ကျောင်းမှ ကျောင်းသားများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အောင်ပွဲရ မြန်မာပြေးခုန်ပစ်အဖွဲ့အား ကြေးမုံက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာပင် ခရီးရောက်မဆိုက် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ (ထူးထရေးဒင်းကုမ္ပဏီလီမိတက်)က "မိမိဥက္ကဋ္ဌအဖြစ် တာဝန်ယူအပြီး နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိလာသည့်အတွက် ဝမ်းသာရပါကြောင်း၊ ဆုတံဆိပ်ရသည့် အားကစားသမားများကို ကြေညာထားသည့်အတိုင်း ရွှေတံဆိပ် ကျပ်သုံးသိန်း၊ ငွေတံဆိပ် ကျပ်နှစ်သိန်း၊ ကြေးတံဆိပ် ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း၊ စံချိန်ပေါ်မူတည်ပြီး ဆုကြေးများ ထပ်မံ တိုးမြှင့်ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့်(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးကို အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်၊ တိုင်းများတွင် ပြိုင်ပွဲများကျင်းပကာ မျိုးဆက်သစ်ကစားသမားများ ရှာဖွေလျက်ရှိပါကြောင်း၊ မြန်မာပြေးခုန်ပစ် အဆင့်အတန်း ပိုမိုမြင့်မားအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ကြည့်ရှုအားပေး

အုပ်ချုပ်သူအဖြစ် လိုက်ပါသွားသည့် မြန်မာပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း(ထူးထရေးဒင်း



ယခုရရှိသော ရွှေတံဆိပ်နှစ်ခုမှာ မိမိဘဝအတွက် ပထမဦးဆုံး နိုင်ငံတကာ ရွှေတံဆိပ် ဖြစ်ကြောင်း ပြောကြားသူ အောင်သီဟ။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ကုမ္ပဏီလီမိတက်)က "မိမိတို့အနေဖြင့် မြန်မာပြေးခုန်ပစ် အားကစား အောင်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆုတံဆိပ်ရရှိသွားသည့် ကစားသမားများအားလုံး ကောင်းပါကြောင်း၊ ယခုအတိုင်းကစားနိုင်လျှင် ပိုမိုတိုးတက်လာနိုင်ကြောင်း၊ ယခုပြိုင်ပွဲသို့ မြန်မာ၊ ဂျပန်၊ တရုတ်၊ ထိုင်း၊ မလေးရှား၊ အိမ်ရှင်စင်ကာပူ၊ ဘရူနိုင်း၊ မကာအို၊ ဟောင်ကောင်၊ ဗီယက်နမ် စုစုပေါင်း ၁၀သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ ဗီယက်နမ်နှင့် ဂျပန်တို့မှာလည်း တောင့်တောင့်တင်းတင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပြိုင်ပွဲမသွားခင်ကတည်းက ကလေးတွေအားတက်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြိုင်ပွဲဝင်နေသည့်အချိန်မှာလည်း ဥက္ကဋ္ဌက ရွှေရလျှင် ဆုချရန် မှာကြားခဲ့ကြောင်း၊ ရွှေတံဆိပ်ရသည့်ကစားသမားများကို အမေရိကန်ဒေါ်လာသုံးရာစီ ချီးမြှင့်ပေးခဲ့ကြောင်း၊ အမျိုးသမီးမီတာ ၂၀၀ ပြိုင်ပွဲမှာတော့ ကေခိုင်လွင်မှာရွှေတံဆိပ်ရရန် ပြိုင်ဘက်များနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရကြောင်း၊ ဥက္ကဋ္ဌကလည်း ဖုန်းနှင့် ဆက်သွယ်ကာ ရွှေတံဆိပ်ရယူရန် မှာကြားခဲ့ပြီး ရွှေတံဆိပ်ရလျှင် အမေရိကန်ဒေါ်လာ ငါးရာအထိ ချီးမြှင့်ရန် ပြောကြားခဲ့ကြောင်း၊ မိမိတို့အဖွဲ့ကို စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့်မိသားစုများလာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း၊ ယခုလို နိုင်ငံအတွက် ရွှေတံဆိပ်ရယူပေးနိုင်ခဲ့သည့်အတွက် ဝမ်းသာမိပါကြောင်း" ပြောကြားသွားသည်။

နည်းပြချုပ် ဦးကျော်ခင်က "ယခုပြိုင်ပွဲသို့ ကစားသမားပေါင်း ၂၀၀ကျော် ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း၊ အိမ်ရှင်စင်ကာပူဆိုလျှင် ကစားသမား ၁၀၀ကျော် ယှဉ်ပြိုင်ကြကြောင်း၊ ဂျပန်နိုင်ငံက ပြိုင်ပွဲစုံဝင်ရောက်ယှဉ်ပြိုင်ပြီး ရွှေ ၁၅ ခု၊ ငွေခုနစ်ခု၊ ကြေးခုနစ်ခုဖြင့် နိုင်ငံအလိုက် ပထမရရှိခဲ့ကြောင်း၊ မိမိတို့မြန်မာအဖွဲ့က ပြိုင်ပွဲ ကိုးမျိုး ယှဉ်ပြိုင်ပြီး ဒုတိယနေရာရရှိခဲ့ကြောင်း၊

မိမိ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး နိုင်ငံတကာ ပြေးခုန်ပစ်ပြိုင်ပွဲတွင် အောင်မြင်မှု ရရှိသည့်အတွက် ဝမ်းသာပါကြောင်း ပြောကြားသူ မြန်မာပြေးခုန်ပစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ(ထူးထရေးဒင်းကုမ္ပဏီ လီမိတက်)။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

မိမိတို့အနေဖြင့် စံချိန်များလည်းကောင်းခဲ့ကြောင်း၊ ကစားသမားများကိုလည်း အားရမိပါကြောင်း၊ မိမိတို့ကလေးတွေ စိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားကြ၍ ယခုလိုဆုတံဆိပ်ရရှိခြင်းဖြစ်ကြောင်း" ပြောကြားသွားသည်။

ရွှေတံဆိပ်သုံးဆုရှင် မြင့်မြင့်အေးက "သမီးအနေဖြင့် မီတာ ၈၀၀၊ ၁၅၀၀ နှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတို့တွင် ရွှေတံဆိပ်များ ရရှိခဲ့ကြောင်း၊ မီတာ ၈၀၀ ဗိုလ်လုပွဲတွင် တရုတ်နှင့် စင်ကာပူမှတစ်ဦးစီ သမီးနှင့် ယဉ်ယဉ်ခိုင်တို့ ယှဉ်ပြိုင်ကြကြောင်း၊ တာထွက်ပြီး သိပ်မကြာမီမှာပင် ပြိုင်ဘက်များကိုဖြတ်ကျော်ပြီး ဦးဆောင်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ ယဉ်ယဉ်ခိုင်က ဒုတိယရရှိခဲ့ကြောင်း၊ မီတာ ၁၅၀၀ ပြိုင်ပွဲမှာလည်း မီတာ ၈၀၀ လောက်ကတည်းက ပြိုင်ဘက်များကိုကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲကတော့ ကစားဖော်များညီ၍ ရွှေရခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွက် ရွှေတံဆိပ်များ ရယူနိုင်ခဲ့သည့်အတွက် ဝမ်းသာရပါကြောင်း" ပြောကြားသွားသည်။

အဓိကထားယှဉ်ပြိုင်ခဲ့

ရွှေတံဆိပ်သုံးဆုပိုင်ရှင် ကေခိုင်လွင်က "ယခုပြိုင်ပွဲတွင် သမီးအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများမှ ပထမဦးဆုံး ရွှေတံဆိပ်များကို ရယူနိုင်ခဲ့ကြောင်း၊ သမီးအနေဖြင့် ရွှေသုံးခုကို မီတာ၂၀၀၊ ၄၀၀နှင့် မီတာ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများတွင် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း၊မီတာ၂၀၀ပြိုင်ပွဲတွင် စုစုပေါင်း ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ ဂျပန်နှင့် ဗီယက်နမ်တို့ကို အဓိကထား ယှဉ်ပြိုင်ခဲ့ရကြောင်း၊ မီတာ ၈၀ကျော်မှ စတင်ပြီး ပြိုင်ဘက်များကို ကျော်ဖြတ်ခဲ့ကြောင်း၊ မီတာ၄၀၀ ပြိုင်ပွဲတွင် ဂျပန်၊ စင်ကာပူတို့နှင့် ယှဉ်ပြိုင်ခဲ့ရကြောင်း၊ ပြိုင်ပွဲများကို မီတာ၂၀၀တွင် စတင်ကျော်ဖြတ်ခဲ့ကြောင်း၊ လူရွေးပွဲများ ပြိုင်ပွဲများဆက်ပြီး ပြေးခဲ့ရ၍ သမီးပြိုင်ပွဲတွင် ထင်သလောက်မပြေးနိုင်ခဲ့ကြောင်း" ပြောကြားသွားသည်။

ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည့် အောင်သီဟက မီတာ ၅၀၀၀နှင့် ၁၀၀၀၀တို့တွင် ရွှေတံဆိပ်ဆုများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲနှစ်ခုစလုံးတွင် မလေးရှားနှင့် မကာအိုတို့ကို အဓိကထား ယှဉ်ပြိုင်ခဲ့ရကြောင်း၊ ပြိုင်ဘက်အနေအထားကိုကြည့်ကာ ပြေးခဲ့ကြောင်း၊ ယခုရရှိသော ရွှေတံဆိပ်နှစ်ခုမှာ မိမိဘဝအတွက် ပထမဦးဆုံးနိုင်ငံတကာပြိုင်ပွဲများ၌ ရရှိသော ရွှေတံဆိပ်ဖြစ်ကြောင်း"ပြောကြားသွားသည်။

ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုရ ဖြူဝါသက်က"မီတာ၅၀၀၀တွင် ရွှေတံဆိပ်ရရှိခဲ့ပြီး မီတာ၁၅၀၀တွင် ငွေတံဆိပ်သာ ရရှိခဲ့ကြောင်း၊

မိမိတို့ ကစားဖော်လေးဦးစလုံး ဟန်ချက်ညီ၍ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေရရှိသည်ဟု ယဉ်ယဉ်ခိုင် ပြောကြားစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)။

ရွှေတံဆိပ်ရသည့် ပြိုင်ပွဲတွင် ပြိုင်ဘက်များကို တာလွတ်ပြီး သိပ်မကြာခင်မှာပင် ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ သမီးအနေဖြင့် ယမန်နှစ်ကလည်း ဆုတံဆိပ်များရရှိခဲ့ကြောင်း၊ နောက်ပြိုင်ပွဲများတွင်လည်း ယခုထက် အောင်မြင်မှုရအောင် ကြိုးစားယှဉ်ပြိုင်မည် ဖြစ်ကြောင်း" ပြောကြားသွားသည်။

ရွှေတံဆိပ်တစ်ဆုရှင် ကေခိုင်မျိုးထွန်းက "သမီးအနေဖြင့် မီတာ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲမှ နိုင်ငံအတွက် ရွှေတံဆိပ်ရယူနိုင်ခဲ့ကြောင်း၊ ပြိုင်ဘက်များကို မီတာ ၃၀၀လောက်ကတည်းက ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ သမီးအနေဖြင့် ပထမဦးဆုံးအကြိမ် နိုင်ငံတကာပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခြင်း ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း"ပြောကြားသွားသည်။

အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သည့် မြန်မာအမျိုးသမီးအသင်းမှ ယဉ်ယဉ်ခိုင်နှင့် လဲ့လဲ့ဝင်းတို့က "နောက်ဆုံးဗိုလ်လုပွဲတွင် တရုတ်၊ စင်ကာပူတို့နှင့် ယှဉ်ပြိုင်ခဲ့ရကြောင်း၊ မိမိတို့ရရှိခဲ့သည့် စံချိန်မှာ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ တင်ထားသော စံချိန်ထက် သာလွန်ခဲ့ကြောင်း၊ မိမိတို့ကစားဖော်လေးဦးစလုံး ဟန်ချက်ညီ၍ ရွှေရခြင်းဖြစ်ကြောင်း" ပြောကြားသည်။

အသစ်ပြန်လည်ဖွဲ့စည်းထားသော မြန်မာပြေးခုန်ပစ် အဖွဲ့ချုပ်သည် ပထမဦးဆုံး နိုင်ငံတကာပွဲ၌ အောင်မြင်မှုကို ရယူနိုင်ခဲ့ပြီဖြစ်ရာ ရှေ့လာမည့် ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုကို ဆက်လက်ရယူသွားနိုင်မည်ဟု ယုံကြည်မိပါသည်။ (ကြေးမုံ)

* မြန်မာနိုင်ငံ၏ ၁၅ နှစ်တာကာလ တပ်မတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ပကတိအတိုင်းတွေ့မြင်နိုင်သည့် ဖွံ့ဖြိုးဝေစည်မြန်မာပြည် (၁၉၈၈–၂၀၀၃) စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေသည့်–

Magnificent Myanmar
(1988-2003)

* မြို့ရွာနှင့်ကျေးလက်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုများ၊ ဓာတ်ပုံများ၊ ကိန်းဂဏန်းဇယားများနှင့် ပုံပြဂရပ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပုံနှိပ်ထုတ်ဝေထားပါသည်။

ထွက်ပြီ

ရောင်းဈေး– USD-3.00

ရရှိနိုင်သောနေရာများ–

* စာပေဗိမာန်စာအုပ်ဆိုင်၊ ၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း–၂၄၉၀၃၁၊ ၃၈၁၄၄၈။
* သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း–၂၉၄၃၀၆။
* စာပေဗိမာန်စာအုပ်ဆိုင်၊ ရတနာပုံဈေးသစ်(ဒုတိယထပ်) မန္တလေးမြို့။

ဘောလုံးနည်းပြဆရာ၏မွေးနေ့ ဘောလုံးကစားပြီးဂုဏ်ပြုမည်

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်း၏ နည်းပြဆရာ ဦးငြိမ်း အသက် (၈၇)နှစ်၏မွေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် စက်တင်ဘာ ၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် တက္ကသိုလ်ဘောလုံးကွင်း သထုံလမ်း ကမာရွတ်မြို့နယ်၌ သရုပ်ပြဘောလုံးပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကြည့်ရှုနိုင်

ယင်းပွဲအတွက် တက္ကသိုလ်လက်ရွေးစင်ဟောင်းများအသင်းနှင့် First Eleven F.Cအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ တစ်ဖက်အသင်း၌ Toyo University F.C Club အသင်း၏ ရှေ့တန်းလူ Sou Mitsui ပါဝင်မည်ဖြစ်သည်။ ကူညီပံ့ပိုးပေးမည့်သူများနှင့် အားပေးလိုသူများ တက်ရောက်ကြည့်ရှုနိုင်သည်။ (သတင်းစဉ်)

Suntac Education

Computer for nExt Generation

Course Syllabus

Basic computer knowledge, Application (Microsoft Office), Programming (VB), Designing (Photoshop & Image Ready) and Internet Literacy

Room 4, Bldg 4, MICT Park, Hlaing University campus, Hlaing T/S, Yangon. Ph: 652246

(28 Sep)

Air Con: Bus, Hotel & Restaurant

Ph: 378547, 254250

(LL.B.)

01- 378649, 378822

မွေးနေ့မင်္ဂလာ

သူရဌေးဝင်း(ခ)ပိုးလျှောင်

၈–၉–၂၀၀၄ ရက်မှာကျရောက်သည့် နဂါးနှစ်တွင်မွေးဖွားသော **သူရဌေးဝင်း (ခ) ပိုးလျှောင်**၏ (၄)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ပျော်ရွှင်စရာမွေးနေ့များစွာပိုင်ဆိုင်ပြီး ထူးချွန်ထက်မြက် လိမ္မာသည့် သားကောင်းရတနာလေးဖြစ်ပါစေ…

အန်းကုန်း–ဘွားဘွား

မမထက်ထက်အောင်(မမကြယ်ကျဲ) (VII-K၊ TTC)

ကိုကိုကောင်းထက်အောင်(ရာဇာညိုကြီး) (VII-K၊ TTC)

ဆရာဌေး အင်္ဂလိပ်စာသင်တန်း

Q . E . L . C

B.A(English) Diploma in ELT Cambridge Certificate in ELT

4 SKILLS ENGLISH (Basic)

Sept (4,6,18,27,29)

Grade(3) to Grade(11) English Skills Foundation Sep(5)

IELTS, SEP (11) / TOEFL, Sep (20) / Writing

The **CurrentNews!** WEEKLY JOURNAL

အမည်ပြောင်းခြင်း

အထက(၁)သာကေတ၊ ဒသမတန်း(S.S)မှ အဘဦးအေးကျော်၏ သမီး နော်အိဖြူသဲအား မအိဖြူသဲဟု ပြောင်းလဲခေါ်ပါရန်။

မအိဖြူသဲ။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မာစီးဒီး(1956 Model)

အိမ်စီးကားသန့် L2 အင်ဂျင်

Air- Con၊ ကူရှင်အသစ်။

ဆက်သွယ်ရန်

727924, 572044။

MWI Myanmar WWW Institute

Certified JAVA Programmer

Sept 15, 2004

Mon + Wed + Fri

12:30 – 3:30

15% OFF UCS Students

Bldg. 5, Room 4, MICT Park, Hlaing Campus, Yangon. 65 22 88

OK

OK အဆင့်မြင့် အာမခံပဲဆီမွှေးများ

OK အဆင့်မြင့် သန့်စင်ပြီး ပေါ်ဆန်းမွှေးများ

အိုကေမိသားစု–ဘုရင့်နောင်

Tel-703234

ကျေနပ်မှုတွေဖြည့်ဆည်းနေမဲ့

ဝမ်းဖိုးဖိုက်

LIVE Show

Golden Hope Int'l Ltd.

☎ 202171, 703230

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၄ခုနှစ် စက်တင်ဘာလ၇ရက် မြန်မာစံတော်ချိန် ဝ၆နာရီ ဝ၇မိနစ် ဝ၄စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် ၂၇၅၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ ၃အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

Excel Shopping Mall

14.8.04 To 18.9.04

Excel Shopping Mall ... Shopping Mall ... (5000) ... Coupon ...

	ပထမ	LG 29" Flat T.V
	ဒုတိယ	KELON Refrigerator (2 doors)
	တတိယ	SANYO 14" T.V

Excel Shopping Mall ... (19.9.2004) ... (4 to 6) PM ...

Talent & Model ...

(520) ... Tel : 559377

WAI WAI WEDDING STUDIO

SPECIAL PROMOTION

ရန်ကုန်+မန္တလေး

ကျွန်မ မင်္ဂလာဆောင်တော့မယ်

WAI WAI ကသတို့သမီး မိတ်ကပ် ကိုကြိုက်တယ်၊ ဆံပင်တု ဒီဇိုင်းအမျိုးမျိုးလည်း ရှိတယ်

WAI WAI ကရိုက်ထားတဲ့ပုံတွေ ပိုအသက်ဝင်တယ်

Say I do တဲ့

Promotion

50% Discount တဲ့

Say I do မှာ မင်္ဂလာရုံတွဲတွေကို မိတ်ကပ် ... ပုံကြီးရတဲ့အထိ

Ruby Wedding

Photo VCD

Say I do promotion

ကျွန်မ ကတော့ Say I do ပဲ

ဒီသတင်းတွေဟာ

အမှန်ပါပဲ ကျွန်မလေ့လာစုံစမ်းပြီးပြီ

Tel : 01-240400 Ext : 1201 [FMI]
01-256664 [Bogalayzay Street]
01-725932
02-34101 [Mandalay, 30 Street]
02-21896

ပါဆီစစ်စစ်၊ နှမ်းဆီစစ်စစ် စားလိုသူများ ...

ရန်ကုန်ပဲဆီသန့် ရန်ကုန်နှမ်းဦးရည်ဆီသန့်

09-5003646

☎ : (01) 382323, 382337 , 251230, 681310, 663317, 660283, 02 - 80227

၂၀၀၄ ခုနှစ် စာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှု

အောင်စောဦး(ပညာရေး)

မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးလုပ်ငန်းကို အစဉ်တက်ကြွစွာ ဆောင်ရွက်ခဲ့သဖြင့် ဖွံ့ဖြိုးမှုပြည့်နှန်းကိန်းတစ်ခုဖြစ်သည့် စာတတ်မြောက်မှုနှုန်းမှာ ၂၀၀၃ ခုနှစ်တွင် ၉၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ရရှိလာခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ဧပြီ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဆီနီဂေါနိုင်ငံ ဒါကာမြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့ပညာရေးညီလာခံကြီးက ၂၀၁၅ ခုနှစ်တွင် အရွယ်ရောက်ပြီးသူများ အထူးသဖြင့် အမျိုးသမီးများ၏ စာတတ်မြောက်မှုအဆင့်အတန်းကို ရာခိုင်နှုန်း ၅၀ တိုးတက်ကောင်းမွန်စေရန်နှင့် အရွယ်ရောက်ပြီးသူတိုင်းအတွက် အခြေခံပညာနှင့် စဉ်ဆက်ပညာရေးကို သင်ယူနိုင်မည့် အခွင့်အလမ်းများ တန်းတူညီမျှ ရရှိစေရန် ရည်မှန်းအဆိုပြုထားသည်။ ၂၀၁၅ ခုနှစ် မတိုင်မီအတွင်း မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းကို ၉၅ ဒသမ ၅၀ ရာခိုင်နှုန်းအထိရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနသည် ကျောင်းပြင်ပပညာရေးလုပ်ငန်း ပင်မဌာနဖြစ်သည့်အားလျော်စွာ ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုကို ခံယူလျက် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနများ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်နယ်နှင့်တိုင်းလုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်များကို ချမှတ်ပြီး ၂၀၀၀ ပြည့်နှစ်မှစ၍ ဆောင်ရွက်ခဲ့သည်။

၂၀၀၄ ခုနှစ်တွင် ပြည်နယ်လုံးကျွတ်စာတတ်မြောက်ရေးလုပ်ငန်းကို ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ဆောင်ရွက်ရန်ရှိခဲ့သည်။ သို့ရာတွင် နိုင်ငံအဆင့် စာတတ်မြောက်မှုနှုန်း ၉၅ ဒသမ၅၀ ရာခိုင်နှုန်း ပြည့်မီစေရန် ၂၀၁၅ ခုနှစ်အထိ အချိန်သတ်မှတ်မထားဘဲ ပြည်နယ်နှင့်တိုင်းအလိုက် မိမိတို့နှင့်ဆီလျော်သည့် နည်းဗျူဟာများ ချမှတ်ရေးဆွဲပြီး ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၏ ပံ့ပိုးမှု၊ လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ၂၀၀၄ ခုနှစ် နွေရာသီတွင် ပြည်နယ်နှင့်တိုင်းလုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာနက ညွှန်ကြားချက်ချမှတ်ပေးခဲ့သည်။

ထို့ကြောင့် ၂၀၀၄ ခုနှစ်နွေရာသီတွင် ပြည်နယ်၊ တိုင်းများအလိုက် မိမိတို့နှင့်ဆီလျော်မည့် စာတတ်မြောက်ရေးစီမံချက်များရေးဆွဲချမှတ်ပြီး ဆောင်ရွက်သကဲ့သို့ နယ်စပ်ဒေသများတွင် တစ်ချိန်သောအခါက အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်၊ သင်ကြားခွင့် အခွင့်အရေးများ ဆုံးရှုံးခဲ့ရသော ကျောင်းနေသက်လွန် တိုင်းရင်းသားပြည်သူများအား နွေရာသီ "အ"သုံးလုံး ရက်တိုသင်တန်းများကို ကိုးကန့်ဒေသတွင် လောက်ကိုင်၊ ကွတ်ခိုင်နှင့် မူဆယ်၊ "ဝ"ဒေသတွင် ဟိုပန်၊ ပလောင်ဒေသတွင် မန်တုံ၊ ကျိုင်းတုံ အရှေ့ဒေသတွင် ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပျဉ်း၊ မိုင်းခုတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်းနှင့်တာချီလိတ်၊ ရခိုင်ဒေသတွင် ဘူးသီးတောင်မြို့နယ်များ၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှု၊ လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပညာရေးကောလိပ်သင်တန်းသား၊ သင်တန်းသူများ၊ ပညာရေးဝန်ထမ်းဆရာ၊ ဆရာမများနှင့် ပညာဒါနပြုလိုသူ ပြည်သူများ၏ စေတနာလုပ်အားအလှူများကြောင့် ၂၀၀၄ ခုနှစ် နွေရာသီစာတတ်မြောက်ရေး "အ"သုံးလုံးသင်တန်းများမှ ဝ၊ ထ၊ က၊ လ၊ သ ရွှတ်ဖတ်သံတို့မှာ ပြည်ထောင်စုတစ်ဝန်းလုံး နယ်စပ်ဒေသများပါမကျန် လွင့်ပျံ့ ပျံ့နှံ့ခဲ့သည်။

၂၀၀၄ ခုနှစ် စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှု ရလဒ်အဖြစ် အမှတ်(၁) အခြေခံပညာဦးစီးဌာန အောက်ရှိ မွန်ပြည်နယ်တွင် ၈၆၅၈ ဦး၊ ကရင်ပြည်နယ်တွင် ၁၇၇၃၂ ဦး၊ ပဲခူးတိုင်း(အရှေ့)တွင် ၃၅၃၅ ဦး၊ ပဲခူးတိုင်း (အနောက်)တွင် ၅၁၅၈ ဦး၊ ဧရာဝတီတိုင်းတွင် ၁၇၆၅၄ ဦး၊ ရခိုင်ပြည်နယ်တွင် ၂၈၄၉၂ ဦးနှင့် တနင်္သာရီတိုင်းတွင် ၄၇၃၈ ဦးဖြင့် စုစုပေါင်း စာတတ်မြောက်လာသူ ၈၅၉၆၇ ဦး၊ အမှတ်(၂) အခြေခံပညာ ဦးစီးဌာနအောက်ရှိ ကချင်ပြည်နယ်တွင် ၇၈၆၃ ဦး၊ ကယားပြည်နယ်တွင် ၁၆၁၇၆ ဦး၊ ချင်းပြည်နယ်တွင် ၁၄၅၃၇ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၁၃၁၂၉ ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၆၂၉၁၇ ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၂၇၉၃ ဦး၊ စစ်ကိုင်းတိုင်းတွင် ၂၈၇၀၊ မကွေးတိုင်းတွင် ၄၀၆၅ ဦးနှင့် မန္တလေးတိုင်းတွင် ၂၀၈၂ ဦး စုစုပေါင်း ၁၅၁၅၇၄ ဦး၊ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန (ရန်ကုန်မြို့တော်)တွင် ၁၄၁၁၆ ဦးနှင့် နယ်စပ်ဒေသများမှ တိုင်းရင်းသား ၃၉၂၇ ဦး စုစုပေါင်း ၂၅၅၅၈၄ ဦး စာတတ်မြောက်လာခဲ့ပြီဖြစ်သည်။

၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ သက်ကြီးစာတတ်နှုန်းမှာလည်း ၉၃ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီးဖြစ်သည်။ အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဖြစ်ထွန်းပေါ်ပေါက် လာစေရန်အတွက် ဤရလဒ်ကောင်းမျှနှင့် ပြည့်စုံလုံလောက်ဦးမည် မဟုတ်ချေ။ နယ်စပ်ဒေသများတွင် စာတတ်မြောက်ရေးလုပ်ငန်းကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ပြီး ပြည်နယ်နှင့်တိုင်းများမှ ကျန်ရှိနေသေးသော စာမတတ်သေးသူများအတွက် ကောက်သင်းကောက် စာတတ်မြောက်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရင်း စာတတ်ပြီးသူများအတွက်လည်း တတ်ပြီးစာမမေ့စေရန် စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးနှင့် ဘဝသာယာရေး အစီအစဉ်များပါဝင်သည့် စဉ်ဆက်ပညာရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆိပ်ငယ်ဈေးပတ်လမ်း ကတ္တရာလမ်းပေါက်များ ဖာထေးပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၇ ရက်က အငယ်တန်းအင်ဂျင်နီယာ(၃) ဦးစိုးထိုက်ဦးနှင့် ဒု-ဦးစီးမှူး(ဈေး) ဦးအောင်ကိုဝင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

